# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 23 January 2025 ၁၁၇၁၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချ

## ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဒေါ်နယ်ထရမ့်၏ ဂရင်းလန်အိပ်မက်) ဆောင်းပါး စာမျက်နှာ » ၆

ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ် စာမျက်နှာ » ၉

MSME နှင့် ခရီးသွားလုပ်ငန်း ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်သူများကျန်းမာစွာနေထိုင်နိုင်ရေး သုတေသနရလဒ်များကို အကျိုးရှိရှိအသုံးချ

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပလျက်ရှိရာ "ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ် ဖော်ထုတ်ဖြေရှင်းကြပါစို့" ဆိုသည့် ညီလာခံဆောင်ပုဒ်အတိုင်း လူတိုင်းကြုံတွေ့နေရသည့် ကျန်းမာရေးပြဿနာများကို ညီလာခံမှ ပေါ်ထွက်လာမည့်ရလဒ်များဖြင့် ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများမှ ပေါ်ထွက်လာမည့် ခိုင်မာတိကျသည့် ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်များသည် နိုင်ငံအတွက် ခေတ်နှင့်လျော်ညီသင့်တော်သည့် ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေး၊ ကျန်းမာရေးလုပ်ငန်းများကို ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်စေရေးစသည့် လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အထူးသဖြင့် လက်ရှိကာလတွင် ပြည်သူလူထုကြား၌ ဖြစ်ပေါ်နေသော မကူးစက်တတ်သည့်ရောဂါများ၏ အန္တရာယ်နှင့် အရေးကြီးလာပုံတို့ကို မီးမောင်းထိုးပြနိုင်ရန်ရည်ရွယ်ပြီး ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ကျင်းပနေခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်က ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအချိန်တွင် ထပ်မံဦးမော့လာနိုင်သည့် မကူးစက်တတ်သည့်ရောဂါများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ မကူးစက်တတ်သောရောဂါများ၏ ဖြစ်နိုင်ခြေ "စစ်တမ်းကောက်လေ့လာခြင်းသုတေသန-၂၀၂၄" ကို STEP SURVEY ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ လက်တွေ့အသုံးချသုတေသနများမှတစ်ဆင့် ပြည်သူများ လက်တွေ့အကျိုးရှိစေရန်နှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးပညာရပ်ဖြင့် တိုင်းရင်းဆေးဝါးထုတ်ကုန်များကို ပြည်တွင်း၌ စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ရေးနှင့် နိုင်ငံတကာသို့ ထိုးဖောက်ဖြန့်ချိနိုင်ရန်အတွက် တိကျခိုင်မာသည့် သုတေသနပြုထားသော အချက်အလက်များ ပိုမိုရရှိရေးအတွက်လည်း တိုင်းရင်းဆေးပညာရှင်ကြီးများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တိကျမှန်ကန်သည့် သုတေသနရလဒ်များအပေါ်မူတည်၍ ကျန်းမာရေးစီမံချက်များချမှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ အလားတူ အခြားကဏ္ဍများတွင်လည်း သုတေသနရလဒ်များဖော်ထုတ်ပြီး နိုင်ငံနှင့်ပြည်သူကို အကျိုးပြုလျက်ရှိသည်။

"ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုသည့် စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေများစွာ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒီလိုမျိုး ကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ မိမိနိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာယဉ်ကျေးမှုတစ်ရပ်တို့ တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျ ပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းဖြင့် ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးကောင်းမွန်ပြီး ရောဂါကင်းဝေးသက်ရှည်ကျန်းမာစွာနေနိုင်ရေးကို လိုလားကြသည်။ ထိုသို့နေထိုင်နိုင်ရေးအတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုမူနေထိုင်ရေး၊ မှန်ကန်ကောင်းမွန်သည့် ဆေးဝါးကုသမှုခံယူနိုင်ရေး စသည်တို့နှင့်ပတ်သက်၍ လက်တွေ့အသုံးချကျန်းမာရေးသုတေသနပြုမှုများကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်များကိုလက်တွေ့ကုသမှုနယ်ပယ်များတွင် လည်းကောင်း၊ ပြည်သူများအား ကျန်းမာရေးအသိအမြင်ဗဟုသုတများရှိစေရေး၌ လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးပြီး ကျန်းမာရေးအသိပညာများ မျှဝေပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အများပြည်သူအကျိုးကိုရှေးရှုပြီး ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနှင့်မကူးစက်တတ်သောရောဂါများ၏ ဖြစ်ပွားတတ်သည့် သဘောသဘာဝများကိုသိရှိပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်တွေ့အသုံးချသုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာသုတေသနများ၊ နိုင်ငံတကာနှင့်သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းလက်တွဲပြီး တိုးမြှင့်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## သနပ်ပင်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ ဆောင်း(နေကြာ)စိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း မြို့နယ်သမဝါယမအသင်းစု အစီအစဉ်ဖြင့် တစ်ကေလျှင် ရေဆင်းစပ်မျိုး (၁) နေကြာမျိုးများနှင့် သွင်းအားစုများ ပံ့ပိုးပေးထားသည့် သမဝါယမအသင်း နှစ်သင်း၊ အသင်းသားတောင်သူ ၂၀၏ ဆောင်းနေကြာစိုက်ဧက ၁၀၀ ရှိသည့်အနက် ရွှေအိုးကျေးရွာရှိ ရွှေဝါထွန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ နေကြာသီးသန့် စိုက်ခင်းဧက ၂၀ တွင် ရုရှားသဘာဝ မြေဩဇာများ ပက်ဖျန်းခြင်း၊ ကြားပေါင်း လိုက်ခြင်းနှင့် အပင်သားခွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နေကြာစိုက်ပျိုးထားရှိမှု အခြေအနေများကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ ဝန်ထမ်းများနှင့်အတူ သွားရောက် ကွင်းဆင်းကြည့်ရှုပြီး ညွှန်ကြားရေးမှူးက နေကြာပန်းတိုင် အထွက်နှုန်းရရှိစေရေးနှင့် အသင်း၊ အသင်းသားအကျိုး အမြတ်ရရှိစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၂ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၂၄ | ၉၉၂,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁,၃၄၇ | ၄,၁၉၀,၃၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၂၇ | ၅၁,၃၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၁,၄၀၇ | ၄,၅၀၂,၄၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၄၃၀ | ၂,၃၅၉,၅၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၁၂ | ၄၉,၂၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၀၀ | ၄၉ | ၁၅၈,၁၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁- ၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁- ၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ် သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည် ဖြစ်ကြောင်း၊ ကြံ့ခိုင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အသက်အရွယ်အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင် လေ့ကျင့်ပေးရန် လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြား ပို့ချပေးသွားရန် လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့် မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က သင်တန်းကျောင်းရှိ ပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က လေ့ကျင့်ရေးဌာန၌ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ် တိုးတက်လျက်ရှိကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံး နေရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝ တိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာ ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခု ကျွမ်းကျင်ရေးအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့ဖတ်ရှုလေ့လာမှတ်သားထားမှုများနှင့် အတွေ့အကြုံများကို အပြန်အလှန် ဆက်စပ်နှိုင်းယှဉ်၍ သင်ခန်းစာ ဖော်ထုတ်သွားရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျကွပ်ကဲကြပ်မတ်နေရန် လိုသကဲ့သို့ ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ **စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ
ဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည် ဖြစ်ပြီး လက်အောက်၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည် ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ မြှင့်တင်ပေးလျက် ရှိကြောင်း၊ ထို့ပြင် တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာ အောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သက်သာ ချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှု ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစား အပျော်အပါးများကို လျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း။

**ဂုဏ်ယူတန်ဖိုးထားကြရန်လို**

တပ်မတော်သား များသည် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်း များစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ တပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငါ လုပ်ဆောင်နိုင်ရန် ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန် လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင် ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကိုကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲဖြေဆိုသည့် ကာလသို့ ရောက်ရှိတော့မည် ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာ ဖြင့်ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်များတွင်လည်း လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကို တိုးမြင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) သို့ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တပ်မှူးက တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေ့စဉ် ပြည်တွင်း၊ ပြည်ပသတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ ထုတ်လွှင့်နေမှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

- ❖ **စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်**
- ❖ **တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်**
- ❖ **မကြာမီတွင် စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လို**

☆ စာမျက်နှာ ၄ မှ

မိမိတို့ ရုပ်သံထုတ်လွှင့်မှုများ တိုးတက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လွှင့်သည့် အစီအစဉ်များသည် လူအများ စိတ်ဝင်စားသည့် အစီအစဉ်များ ဖြစ်ရန်လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့် အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင် ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင် ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့်လုပ်ငန်းတစ်ရပ် ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေး အသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့် ကျန်းမာရေး အသိပညာပေး အစီအစဉ်များကို အလေးထား ထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့် အစီအစဉ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ပညာပေးအစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်မှအစ တစ်ခုချင်းစီအား စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်း လှည့်လည်၍ ကျန်းမာရေးအသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှု၊ သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များ အနေဖြင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ယခုထက်ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာ ဆောင်ရွက်နေရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြပြီး အမြဲမပြတ်ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ ကြိုးစား အားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ် ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းများတိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့်ပြုလုပ်နေရန် လိုပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကို အမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်**

ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန် လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အသံနှင့်အရုပ် နှစ်မျိုးရှိကြောင်း၊ အသံနှင့်ပတ်သက်၍ အသံများမှန်ရန် လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့်အနေအထားတွင်ရှိရန်နှင့် ပျော့ပျောင်းသည့်အနေအထား ရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် သွားလာနေထိုင်မှုများလည်းရှိရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံး တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းပြောကြားပြီး တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များ ဖြစ်သည့် "လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်" တို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။





အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်
## (ဒေါ်နယ်ထရမ့်၏ ဂရင်းလန် အိပ်မက်)

ကိုကိုလှိုင်

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် ဒေါ်နယ်ထရမ့်သည် ကံကြမ္မာတစ်ကြော့ပြန်၍ (၄၇)ဆက်မြောက် အမေရိကန်သမ္မတ ဖြစ်လာခဲ့လေပြီ။ နေရာတိုင်းလိုလိုတွင် ပွဲဆူအောင်လုပ်ကိုင်ပြောဆိုတတ်သည့် ထရမ့်သည် သမ္မတအဖြစ် တာဝန်မယူမီကပင် သူ၏သမ္မတသက်တမ်းအတွင်း ဆောင်ရွက်လိုသည့် ကိစ္စများကို အမြည်းသဘောမျိုးထုတ်ဖော်ပြောဆိုလာခဲ့ရာ ပထဝီနိုင်ငံရေးနှင့်ပတ်သက်၍ ကမ္ဘာ့မြောက်ဖျားစွန်းရှိ ဂရင်းလန်ကျွန်းအား ဒိန်းမတ်နိုင်ငံထံမှ ဝယ်ယူရေး (သို့မဟုတ်) အင်အားသုံး ရယူရေး၊ အလယ်အမေရိကရှိ ပနားမားတူးမြောင်းအား ပြန်လည်ရယူရေး၊ အိမ်နီးချင်း မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အား အမေရိကန်နိုင်ငံ၏ ပြည်နယ်အသစ်များအဖြစ် သိမ်းသွင်းရေးဟူသည့် ထူးထူးခြားခြား စိတ်ကူးစိတ်သန်းများ ပါရှိခဲ့သည်။




ယေဘုယျအားဖြင့် ထရမ့်၏ စိတ်ကူးများမှာ ယနေ့ခေတ်တွင် ဖြစ်နိုင်ဖွယ်မရှိသော ကိစ္စများဖြစ်ပြီး ကြောင်စီစီနိုင်လှသည်ဟု ဝေဖန်သူများလည်း ရှိခဲ့ကြသည်။ သို့ရာတွင် ထရမ့်၏ ပြောဆိုချက်များ နောက်ကွယ်တွင် ထူးခြားလေးနက်သော နောက်ခံအကြောင်းတရားများလည်း ရှိနေကြောင်း သေချာစွာလေ့လာထားသူအချို့က ထောက်ပြခဲ့ကြသည်။

ဒေါ်နယ်ထရမ့်၏ ပြောဆိုချက်များသည် သူ၏ ကြွေးကြော်သံဖြစ်သော အမေရိကန်ကို ကြီးကျယ်ခမ်းနားသော နိုင်ငံကြီးအဖြစ်ပြန်လည်ထူထောင်ရေး **"Make America Great Again"** အတိုကောက်အားဖြင့် MAGA လမ်းစဉ်နှင့် ထင်ဟပ်လျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့မြောက်ဖျားစွန်းဒေသ အာတိတ်စက်ဝိုင်း၌ရှိနေပြီး မြေမျက်နှာပြင်၏ ၈၀ ရာခိုင်နှုန်းက ဆယ့်နှစ်ရာသီပတ်လုံး ရေခဲထုကြီး ဖုံးလွှမ်းနေသော ဂရင်းလန်ကျွန်းက ထရမ့်၏ MAGA လမ်းစဉ်နှင့် မည်သို့မည်ပုံ ဆက်စပ်နေသည် ဆိုခြင်းမှာမူ သာမန်အားဖြင့် အတော်အတန်နားလည်ရခက်မည့် အနေအထားရှိနိုင်ပါသည်။ ဤကိစ္စအလို့ငှာ ဂရင်းလန်ကျွန်း၏ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး အနေအထားကို သေချာစွာသိရှိနားလည်ရန် လိုအပ်ပေလိမ့်မည်။

**ဂရင်းလန်ကျွန်း၏ ပထဝီဝင် နောက်ခံအခြေအနေ**

ဂရင်းလန်ကျွန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကျွန်းကြီးဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၈၃၆၃၂၆ မိုင်ရှိသည်။ မြန်မာနိုင်ငံ၏ အကျယ်အဝန်းထက် သုံးဆကျော် ကြီးမားသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ကျွန်း၏ သုံးပုံနှစ်ပုံမှာ ကမ္ဘာ့မြောက်ဘက်စွန်း အာတိတ်စက်ဝိုင်းအတွင်း၌ ရှိနေပြီး မြေဧရိယာ၏ ၈၀ ရာခိုင်နှုန်းမှာ ရေခဲပြင်ထုကြီး ဖုံးလွှမ်းနေသည်။ ရေခဲပြင်၏ ပျမ်းမျှထုမှာ မီတာ ၁၅၀၀ ခန့်ရှိပြီး အထူဆုံးနေရာတွင် မီတာ ၃၀၀၀ (နှစ်မိုင်ခန့်)ထူထဲသည်။ အပူချိန်မှာ နွေရာသီတွင် ကျွန်းတောင်ပိုင်း၌ ပျမ်းမျှ ၇ ဒီဂရီစင်တီဂရိတ်ရှိပြီး မြောက်ဘက်ခြမ်းတွင် ၄ ဒီဂရီစင်တီဂရိတ်ရှိသည်။ ဆောင်းရာသီ၌မူ ကျွန်းတောင်ပိုင်းတွင် -၇ ဒီဂရီစင်တီဂရိတ်နှင့် မြောက်ပိုင်းတွင် -၃၄ ဒီဂရီစင်တီဂရိတ်ရှိသည်။

ကျွန်းပေါ်ရှိလူဦးရေမှာ ၂၀၂၄ ခုနှစ် ခန့်မှန်းခြေအရ ၅၆၈၀၀ ရှိပြီး လူဦးရေတိုးနှုန်းမှာ သုညရာခိုင်နှုန်းဖြင့် ရပ်တန့်နေသည်။ လူအများစု ၉၀ ရာခိုင်နှုန်းကျော်မှာ အီညူ(အက်စကီမိုး)လူမျိုးများဖြစ်သည်။ မြို့နေလူတန်းစား အများစု ၈၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး အသက် ၁၅ နှစ်အထက် စာတတ်မြောက်မှု ရာနှုန်းပြည့်ဖြစ်သည်။ လူဦးရေ၏ထက်ဝက်ကျော်မှာ အစိုးရဝန်ထမ်းများဖြစ်ကြသည်။ ကိုယ်ပိုင်လုပ်ငန်းအဖြစ် ငါးဖမ်းခြင်းနှင့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကျော်ရှိသည့်အတွက် ကြွယ်ဝသည်ဟုဆိုနိုင်သည်။ သို့ရာတွင် ထိုသို့ကြွယ်ဝခြင်းမှာ ကျွန်းသားတစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရှာဖွေမှုကြောင့်ထက် ကျွန်း၏သဘာဝသယံဇာတများကို အစိုးရအစီအစဉ်ဖြင့် ရောင်းချမှုများမှ အစိုးရ၏ ထောက်ပံ့ငွေရရှိမှုကြောင့်ဖြစ်သည်။ စင်စစ်၌ ဂရင်းလန်ကျွန်းသည် အပြင်ဘက်အခွံ၌ ရေခဲများ ဖုံးလွှမ်းနေသော သဘာဝသယံဇာတ ရတနာသိုက်ကြီး ဖြစ်လေသည်။

**ပထဝီစီးပွားရေးအနေအထား**

ကမ္ဘာ့ခေါင်မိုးပေါ်ရှိ ဂရင်းလန်ကျွန်းသည် အဖိုးတန်သဘာဝသယံဇာတ မြောက်မြားစွာ တည်ရှိနေပြီး ယနေ့ထက်တိုင် များများစားစား တူးဖော်ထုတ်ယူရခြင်း မရှိသေးသည့် အရိုင်းမြေ(Virgin Soil) ဖြစ်သည်။ စူးစမ်းလေ့လာမှုများအရ ဂရင်းလန်ကျွန်းတွင် ယနေ့ခေတ်စားနေသည့် မြေရှားဒြပ်စင်များ၊ ရွှေ၊ ကြေးနီ၊ ဂရက်ဖိုက်၊ သံ၊ ကျောက်မီးသွေး၊ ကျောက်မျက်၊ ယူရေနီယံ၊ လစ်သီယံ၊ ပလက်တီနမ်၊ တိုက်တေနီယမ်၊ မိုလစ်ဘ်ဒီနမ် စသည့် တွင်းထွက်များနှင့် ကုန်းတွင်း၊ ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း ပမာဏကြီးမားစွာ တည်ရှိသည်ဟု ဆို၏။

မြေရှားဒြပ်စင်နှင့် ပတ်သက်၍ စူးစမ်းလေ့လာမှုများအရ ဂရင်းလန်တွင် မြေရှားသယံဇာတတန်ချိန် တစ်သန်းခွဲခန့်ရှိနိုင်သည်ဟု ဆိုသည်။ ဥရောပကော်မရှင်၏ ပူးတွဲသုတေသနစာတမ်းတစ်ခု၏ အဆိုအရ ဂရင်းလန်ရှိ မြေရှားသယံဇာတအရင်းအမြစ်များသည် တူးဖော်ထုတ်လုပ်နိုင်သော မြေရှားသယံဇာတ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိပြီး ကမ္ဘာပေါ်တွင် ရှိသမျှ မြေရှားအရင်းအမြစ် ပမာဏအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုဆို၏။

ဂရင်းလန်၏ ကမ္ဘာ့အဆင့်မီ မြေရှားဒြပ်စင်ထုတ်လုပ်နိုင်မှုအလားအလာမှာ လက်ရှိ ကမ္ဘာ့ဝယ်လိုအား၏ ၂၅ ရာခိုင်နှုန်းခန့်အထိ ဖြည့်ဆည်းပေးနိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ဂရင်းလန်၏ မြေရှားအရင်းအမြစ်သည် တရုတ်မြေရှားဒြပ်စင်များအပေါ် မှီခိုနေရသော အမေရိကန်အတွက် အလွန်အရေးပါသော ထွက်ပေါက်ဖြစ်နေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့မြေရှားထုတ်လုပ်မှုကို လွှမ်းမိုးထားနိုင်သည့် နိုင်ငံဖြစ်၏။ ကမ္ဘာ့မြေရှားဒြပ်စင်ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို တရုတ်ကထုတ်လုပ်ခြင်းဖြစ်ပြီး မြေရှားဒြပ်စင်များ သန့်စင်မှု၏ ၉၅ ရာခိုင်နှုန်းမှာလည်း တရုတ်နိုင်ငံက ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာ့မြေရှားဒြပ်စင်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကိုလည်း တရုတ်နိုင်ငံက တင်ပို့ခြင်းဖြစ်ပြီး တရုတ်တင်ပို့မှုအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာလည်း အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်လေသည်။ မြေရှားဒြပ်စင်များမှာလည်း ယခုခေတ်စားလျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ်များ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ လက်ကိုင်ဖုန်း စသည့်အီလက်ထရွန်နစ်

> ❛ မြေရှားဒြပ်စင်နှင့်ပတ်သက်၍ စူးစမ်းလေ့လာမှုများအရ ဂရင်းလန်တွင် မြေရှားသယံဇာတတန်ချိန် တစ်သန်းခွဲခန့်ရှိနိုင်သည်ဟု ဆိုသည်။ ဥရောပကော်မရှင်၏ ပူးတွဲသုတေသနစာတမ်းတစ်ခု၏ အဆိုအရ ဂရင်းလန်ရှိ မြေရှားသယံဇာတအရင်းအမြစ်များသည် တူးဖော်ထုတ်လုပ်နိုင်သော မြေရှားသယံဇာတ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိပြီး ကမ္ဘာပေါ်တွင် ရှိသမျှ မြေရှားအရင်းအမြစ် ပမာဏအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုဆို၏။
>
> ဂရင်းလန်၏ ကမ္ဘာ့အဆင့်မီ မြေရှားဒြပ်စင်ထုတ်လုပ်နိုင်မှု အလားအလာမှာ လက်ရှိကမ္ဘာ့ဝယ်လိုအား၏ ၂၅ ရာခိုင်နှုန်းခန့်အထိ ဖြည့်ဆည်းပေးနိုင်ဖွယ်ရာရှိသည်ဟု ဆို ❜

ပစ္စည်းများတွင် မရှိမဖြစ်လိုအပ်သည့် သတ္တုများဖြစ်သည်။

အမေရိကန်နှင့် တရုတ်အကြား အနာဂတ်ကမ္ဘာကြီးကို စိုးမိုးနိုင်ရေး အားပြိုင်မှုတွင် လက်ရှိအနေအထားအရ ဉာဏ်ရည်တု AI နည်းပညာအတွက် မရှိမဖြစ်လိုအပ်သော ခေတ်မီအဆင့်မြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်း (Super Chip) ထုတ်လုပ်မှု၌ အမေရိကန်နှင့် ယင်း၏ အနောက်အုပ်စုဝင်များက သာလွန်လျက်ရှိသည်။ ထိုအကဲသာမှုကို ထိန်းသိမ်းနိုင်ရန်အတွက် Super Chip ထုတ်လုပ်သည့် နည်းပညာပိုင်ဆိုင်သော နိုင်ငံလေးခု (Chip 4) စုပေါင်း၍ တရုတ်ထံသို့ ထိုနည်းပညာ မရောက်ရှိစေရေး ပိတ်ဆို့ထားရန် အမေရိကန်က ဖိအားပေးကြိုးပမ်းလျက်ရှိသည်။

အပြန်အလှန်အားဖြင့် တရုတ်ကလည်း ထိုအဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်ရာတွင် မဖြစ်မနေအသုံးပြုရသည့် မြေရှားဒြပ်စင်နှင့် အခြားအရေးပါသော ရှားပါးသတ္တုများကို အမေရိကန်သို့ တင်ပို့ခြင်းမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ပိတ်ပင်တားမြစ်ခဲ့သည်။ တရုတ်က ပိတ်ပင်တားမြစ်ခဲ့သည့် သတ္တုများတွင် အဆင့်မြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးတွင် မရှိမဖြစ်အရေးပါသော ဂါလီယမ်(Gallium)၊ ဂျာမေနီယံ (Germanium)နှင့် စစ်လက်နက်ပစ္စည်းများအတွက် အရေးပါသော အင်တီမိုနီ(Antimony)နှင့် ဂရက်ဖိုက် (Graphite)တို့လည်း ပါဝင်ခဲ့သည်။

ထိုသို့သောပစ္စည်းများမှာ နိုင်ငံတိုင်း၏ အမျိုးသားလုံခြုံရေးအတွက် အသက်တမျှအရေးကြီးသော ကုန်ပစ္စည်းများ (Critical Goods)ဖြစ်ကြသည်။ ထိုပစ္စည်းများကို နိုင်ငံလုံခြုံရေးအတွက် အစဉ်အမြဲ လုံလောက်စွာ ဝယ်ယူထုတ်လုပ် သိုလှောင်ထားကြရလေ့ရှိသည်။ ယခုကဲ့သို့ တရုတ်နှင့် အမေရိကန်တို့အကြား သေရေးရှင်ရေးသဖွယ်ဖြစ်သော မဟာဗျူဟာအားပြိုင်မှုတွင် ဤသို့သော အရေးကြီးသတ္တုများ မဖြစ်မနေရရှိရေးမှာ အမေရိကန်အတွက် အထူးလိုအပ်လျက်ရှိရာ အဆိုပါသတ္တုများရရှိနိုင်ရေးအတွက် ယင်းသယံဇာတ အရင်းအမြစ်ကြွယ်ဝလှသော ဂရင်းလန်အား လက်ဝယ်ပိုင်ပိုင် ရယူနိုင်ရေးမှာ အမေရိကန်အတွက် မရှောင်လွှဲနိုင်သည့် လိုအပ်ချက် ဖြစ်လာနေတော့သည်။

**ပထဝီနိုင်ငံရေးအနေအထား**

ကမ္ဘာ့ခေါင်မိုး မဟာဗျူဟာ အချက်အချာနေရာတွင် တည်ရှိသော ဂရင်းလန်ကျွန်း၏ တည်နေရာမှာလည်း ပထဝီနိုင်ငံရေးအရ အထူးအရေးပါလျက်ရှိသည်။ အထူးသဖြင့် အာတိတ်စက်ဝိုင်း၏ တစ်ဖက်တစ်ချက် ကမ္ဘာ့မြောက်ခြမ်းတွင် ရပ်တည်နေကြသော အာရှနှင့် ဥရောပတိုက် မြောက်ဘက်စွန်းမှ ရုရှားနှင့် အမေရိကတိုက် မြောက်ပိုင်းကို လွှမ်းမိုးထားသော အမေရိကန်တို့၏ သမိုင်းကြောင်းနှင့် မျက်မှောက်ကာလအားပြိုင်မှုတို့တွင် ဂရင်းလန်မှာ အရေးပါသော မဟာဗျူဟာ ခြေကုပ်ဖြစ်နေလေသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

စင်စစ်၌ ဂရင်းလန်ကို အမေရိကန်တို့က ဝယ်ယူလိုသည်မှာ ယခုမှ မဟုတ်ပေ။ အမေရိကန်က အလာစကာနယ်မြေကို ရုရှားတို့ထံမှ ၁၈၆၀ ပြည့်လွန်နှစ်များတွင် ဝယ်ယူခဲ့သည့် ကာလတစ်ဝိုက်ကပင် အမေရိကန်သမ္မတ အင်ဒရူးဂျွန်ဆင်က ၁၈၆၇ ခုနှစ်တွင် ဂရင်းလန်ကျွန်းကို ဝယ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။ အလားတူပင် ၁၉၁၀ ပြည့်နှစ်ကလည်း အမေရိကန်သမ္မတ ဝီလျံတက်ဖ်က ဝယ်ယူရန် ကြိုးစားခဲ့ဖူးသကဲ့သို့ ၁၉၄၆ ခုနှစ် (ဒုတိယကမ္ဘာစစ်ပြီးစကာလ)တွင် အမေရိကန်သမ္မတ ဟယ်ရီထရူးမင်းက ဒိန်းမတ်ထံမှ ဂရင်းလန်ကို ဝယ်ယူရန် ကမ်းလှမ်းခဲ့ဖူးသည်။

ရှေ့ပိုင်းက ကမ်းလှမ်းမှုများမှာ ဂရင်းလန်၏ စီးပွားရေးအလားအလာအပေါ် မူတည်သော်လည်း ထရူးမင်း၏ ကမ်းလှမ်းမှုမှာမူ မဟာဗျူဟာလုံခြုံရေးအပေါ် ပို၍မူတည်လေသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်ဖွဲ့များက ဥရောပတစ်နံတစ်လျားကို သိမ်းပိုက်ခဲ့ရာ ဒိန်းမတ်နိုင်ငံက ဂရင်းလန်ကျွန်းကို ဂျာမန်တို့ အပိုင်စီးမသွားနိုင်စေရန် အမေရိကန်တို့ကို အကူအညီ တောင်းခဲ့သည်။ အမေရိကန်တို့က ၁၉၄၁ ခုနှစ်မှစ၍ ဂရင်းလန်ကျွန်းပေါ်တွင် လေတပ်စခန်း အများအပြားကို စတင်ဆောက်လုပ်၍ တပ်စွဲထားခဲ့သည်။ ဂျာမန်တို့ စစ်ရှုံးပြီး ၁၉၄၅ ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ပြီးဆုံးသွားသည့်နောက်ပိုင်း၌ အမေရိကန်နှင့် ဆိုဗီယက်ရုရှားတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြန်ရာ မြောက်အမေရိကတိုက်နှင့် ဥရောပ/ အာရှတိုက် မြောက်ပိုင်းဒေသနှစ်ခု၏ စပ်ကြားနယ်မြေဖြစ်သော ဂရင်းလန်မှာ မဟာဗျူဟာအရ အရေးပါလာပြန်သည်။ ထို့ကြောင့်လည်း သမ္မတ ထရူးမင်းက ဂရင်းလန်ကျွန်းကို အသည်းအသန် ရယူလိုခဲ့ခြင်းဖြစ်၏။

အမေရိကန်တို့က ဂရင်းလန်ကျွန်းကို အပိုင်ဝယ်ယူ၍ မရခဲ့သော်လည်း စစ်အေးတိုက်ပွဲကာလ တစ်လျှောက်လုံးမှသည် ယနေ့ကာလတိုင်အောင် ဂရင်းလန်၌ မဟာဗျူဟာ လေတပ်အခြေစိုက်စခန်း (ထူလီအာကာသသိပ္ပံ လေ့လာရေးစခန်း)ကို ဒိန်းမတ်နိုင်ငံနှင့် ညှိနှိုင်း၍ ဆက်လက်ထားရှိခဲ့သည်။ အမေရိကန်မှ တာဝေးကင်းထောက်လေယာဉ်များနှင့် မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများသည် ဂရင်းလန်ကျွန်းကို ဖြတ်ကျော်၍ ပျံသန်းခဲ့ကြသကဲ့သို့ B-36၊ B-47၊ B-52 မဟာဗျူဟာဗုံးကြဲ လေယာဉ်ကြီးများလည်း အလှည့်ကျ အခြေစိုက်ကာ ကမ္ဘာ့ခေါင်မိုးကောင်းကင်ပေါ်၌ စဉ်ဆက်မပြတ် ပျံဝဲစိုးမိုးခဲ့ကြသည်။

ဆိုဗီယက်က အမေရိကန်သို့ တိုက်ချင်းပစ်ဒုံးပျံများ ပစ်လွှတ်ပါက ခရီးအတိုဆုံး လမ်းကြောင်းသည် ဂရင်းလန်ကျွန်းပေါ်မှဖြတ်၍ ပျံသန်းခြင်းဖြစ်ရာ ဆိုဗီယက်တိုက်ချင်းပစ်ဒုံးပျံများကို ခုခံကာကွယ်ရန် တာဝေးထောက်လှမ်းရေး အာရုံခံစနစ်များကိုလည်း အမေရိကန်တို့က ဂရင်းလန်ကျွန်းတွင် ချထားခဲ့သည်။ ထို့အပြင် ဆိုဗီယက်နယ်မြေအတွင်းသို့ ပစ်လွှတ်တိုက်ခိုက်နိုင်သည့် Iceman ခေါ် ရေခဲပြင်အခြေစိုက် တိုက်ချင်းပစ် ဒုံးပျံအစင်း ၅၀၀ ကိုလည်း ဂရင်းလန် ရေခဲထုအတွင်း လိုဏ်ခေါင်းတူး၍ ချထားရန် ဆောင်ရွက်ခဲ့ဖူးသည်။ ရွေ့လျားနေသော ရေခဲထုလွှာများကို ထိန်းချုပ်ရန် အလွန်ခက်ခဲသည့်အတွက် ၁၉၆၇ ခုနှစ်တွင် လက်လျှော့ခဲ့ရသည်ဟု ဆိုသည်။ ၁၉၆၈ ခုနှစ်တွင် အဏုမြူဗုံးများပါရှိသည့် မဟာဗျူဟာဗုံးကြဲ လေယာဉ်တစ်စင်း ဂရင်းလန်တွင် ပျက်ကျသွားသည့်နောက်ပိုင်းတွင် ယင်းသို့သော မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ဂရင်းလန်ကျွန်း၌ ထားရှိခြင်းကို ရုပ်သိမ်းခဲ့ရသည်။ သို့သော်လည်း ယနေ့ကာလတိုင်အောင် ဂရင်းလန်ကျွန်းရှိ ထူလီလေတပ်စခန်း၌ အမေရိကန် F 35 ဘက်စုံသုံး တိုက်လေယာဉ်များ ထားရှိနေဆဲဖြစ်သည်။

ဤသို့ မဟာဗျူဟာအရ အရေးပါမှုကြောင့်လည်း သမ္မတထရမ့်က ဂရင်းလန်ကျွန်းကို အသည်းအသန် ရယူလိုခြင်းဖြစ်ပြီး သူ၏ ပထမသမ္မတ သက်တမ်းကာလအတွင်းကပင် ဂရင်းလန်ကျွန်းကို ဝယ်ယူနိုင်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းဖြစ်၏။

**တရုတ်နိုင်ငံနှင့် ဂရင်းလန်ကျွန်း**

တရုတ်နိုင်ငံသည် ဂရင်းလန်ကျွန်းနှင့် အာတိတ်ဒေသအပေါ် အထူးစိတ်ဝင်စားမှုရှိခဲ့သည်။ ယင်းမှာ ဂရင်းလန်ကျွန်း၏ သယံဇာတကြွယ်ဝမှုနှင့် အာတိတ်ဒေသ၏ မဟာဗျူဟာအရ အရေးပါမှုတို့ကြောင့် ဖြစ်လေသည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် မြောက်ဝင်ရိုးစွန်း၌ ရေခဲပျော်မှုမြင့်တက်လာလေရာ ဂရင်းလန်ကျွန်း၌ တည်ရှိနေသော ရေခဲပြင်ထု လျော့ပါးလာသည်နှင့်အမျှ ကုန်းမြေထုအတွင်း တည်ရှိနေသော တွင်းထွက်သယံဇာတများ ရှာဖွေတူးဖော်ထုတ်လုပ်ရေး အခွင့်အလမ်းများလည်း ပိုမိုပေါ်ပေါက်လာသည်။

တရုတ်တို့က ၂၀၁၀ ပြည့်လွန်နှစ်မှစ၍ ဂရင်းလန်ကျွန်းတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ဆောင်ခဲ့ရာ တရုတ်အစိုးရပိုင်လုပ်ငန်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အခြားနိုင်ငံများမှ လုပ်ငန်းများနှင့် ဖက်စပ်လုပ်ဆောင်မှုများဖြင့် ဂရင်းလန်နိုင်ငံ၏ သတ္တုတူးဖော်မှု၊ အခြေခံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေး စသည့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်။ ဂရင်းလန်တွင် တရုတ်တို့ ပါဝင်နေသော စီးပွားရေးလုပ်ငန်းကြီး ငါးခုရှိရာ ကျွန်း၏ မြောက်ပိုင်းတွင် ၂၀၁၄ ခုနှစ်မှစ၍ တရုတ်အစိုးရပိုင် Non-Ferrous Metal ကုမ္ပဏီက ဩစတြေးလျ သတ္တုတွင်းကုမ္ပဏီ Ironbank နှင့် တွဲဖက်၍ သွပ်နှင့် ခဲထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းအနောက်ဘက်ကမ်းခြေတွင် တရုတ်ပုဂ္ဂလိကပိုင် General Nice ကုမ္ပဏီက ၂၀၁၅ ခုနှစ်မှစ၍ သံရိုင်းထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းအရှေ့ဘက်ကမ်းခြေတွင် တရုတ်ပုဂ္ဂလိကကုမ္ပဏီ Jiangxi Zhongrun က Nordic Mining ကုမ္ပဏီနှင့် ပူးတွဲ၍ ၂၀၀၈ ခုနှစ်တွင် ကြေးနီတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းတောင်ပိုင်းတွင် တရုတ်ဒေသန္တရအစိုးရပိုင် Shenghe ကုမ္ပဏီက ၂၀၁၆ ခုနှစ်မှစ၍ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်း၊ ဂရင်းလန်ကျွန်း၏ မြို့တော်ဖြစ်သော နူးခ်မြို့ နိုင်ငံတကာလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်း (တရုတ်အစိုးရပိုင် CCCC ကုမ္ပဏီကို မူလက ရွေးချယ်လျာထားမှုတွင် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒိန်းမတ်ကုမ္ပဏီကသာ တာဝန်ယူလုပ်ဆောင်ခဲ့သည်)တို့ ဖြစ်ကြသည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးတွင်လည်း တရုတ်ကုမ္ပဏီကြီး နှစ်ခုက ပါဝင်လုပ်ဆောင်လျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင် ဂရင်းလန်ကျွန်းသည် ဒိန်းမတ်နိုင်ငံထံမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့ရာ စီးပွားရေးလုပ်ငန်းများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိလာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ အရင်းအနှီး တောင့်တင်းသော တရုတ်တို့ကို ဂရင်းလန်ကိုယ်တိုင်က လိုလိုလားလား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်လေသည်။

တရုတ်တို့ကလည်း ဂရင်းလန်ကျွန်းအပါအဝင် အာတိတ်ဒေသနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် စက္ကူဖြူစာတမ်းတစ်ရပ် ထုတ်ပြန်၍ ယင်း၏ သဘောထားကို လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီး ဖြစ်၏။ အဆိုပါ စက္ကူဖြူစာတမ်းအရ တရုတ်နိုင်ငံသည် အာတိတ်သမုဒ္ဒရာနှင့် မထိစပ်သော်လည်း အာတိတ်နှင့် နီးစပ်သောနိုင်ငံ Near Artic State တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာတိတ်ဒေသ စီမံခန့်ခွဲမှုကိစ္စနှင့်ပတ်သက်၍ တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊ အာတိတ်ဒေသ၏ ကြွယ်ဝလှသော သဘာဝ သယံဇာတများကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ဆင်ဆင်ခြင်ခြင် ထုတ်ယူအသုံးပြုသင့်သည်ဟူသော အမြင်ကို ထောက်ခံကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် အာတိတ်ဒေသ၏ ရေလမ်းကြောင်းများ အရေးပါမှုကို အလေးထားကြောင်း၊ တရုတ်တို့၏ ရပ်ဝန်းပိုးလမ်းမ အစီအစဉ်တွင် မြောက်ဝင်ရိုးစွန်း ပိုးလမ်းမ Polar Silk Road အဖြစ် ထည့်သွင်းမည်ဖြစ်ကြောင်း စသည်ဖြင့် ပါရှိခဲ့သည်။

> **၂၀၀၉ ခုနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေအရ ဂရင်းလန်ကျွန်းသားများက လူထုသဘောထားဆန္ဒခံယူပွဲကျင်းပ၍ ဂရင်းလန်၏အနာဂတ်ကို ဆုံးဖြတ်ခွင့်ရှိသည်။ ထို့ကြောင့် ဂရင်းလန်ကျွန်းသားများက ဒိန်းမတ်ထံမှ ခွဲထွက်၍ လွတ်လပ်ရေးရယူလိုက်လျှင် အမေရိကန်နှင့် ပေါင်း / မပေါင်း ဆုံးဖြတ်ရန်မှာ လူဦးရေ ခြောက်သောင်းအောက်သာရှိပြီး ကမ္ဘာ့အကြီးဆုံးကျွန်းကြီးကို ပိုင်ဆိုင်သော ဂရင်းလန်သားများ၏ သဘောထားသက်သက်မျှ ဖြစ်သွားပေလိမ့်မည်။ ထိုမျှနည်းပါးသော လူဦးရေဖြင့် ထိုမျှကြီးမားသော ကျွန်းကြီးကို ထိန်းချုပ်ကာကွယ်နိုင်ရန်မှာ မဖြစ်နိုင်သလောက်ရှိသည်။ ထို့အပြင် လက်ရှိအခြေအနေတွင်လည်း အမေရိကန်စစ်စခန်းက ဂရင်းလန်ကျွန်းပေါ်၌ ရှိနေသည်။ အကယ်၍သာ ဂရင်းလန်ကျွန်းသားများကို မက်လောက်သည့် စီးပွားရေးနှင့် ကာကွယ်ရေးမက်လုံးများပေးကာ ဆွဲဆောင်စည်းရုံးနိုင်လျှင်မူ ထရမ့်၏ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ကောင်း ဖော်နိုင်ဖွယ်ရှိ**

ထို့ကြောင့် တရုတ်တို့အနေဖြင့် ကမ္ဘာ့ကုန်ထုတ်စက်ရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်၊ အဆင့်မြင့် နည်းပညာသုံးစက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ကုန်ကြမ်းသတ္တုတွင်းထွက်များ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ဂရင်းလန်ကျွန်းမှ ထွက်ရှိမည့် သယံဇာတများကို ရယူလိုသကဲ့သို့ အရှေ့ကမ္ဘာခြမ်းမှ အနောက်သို့ ကုန်ပစ္စည်းများကို အတိုဆုံးလမ်းကြောင်းမှ ပို့ဆောင်နိုင်ရေးအတွက် အာတိတ်ဒေသ မြောက်ဝင်ရိုးစွန်းရေလမ်းကြောင်း ( North Pole Sea Route – NSR) ကို ထိရောက်စွာ အသုံးချလိုသည်မှာ ထင်ရှားနေလေသည်။

တရုတ်စီးပွားရေးပညာရှင်အချို့၏ ခန့်မှန်းချက်အရ တရုတ်ကုန်စည်များကို NSR မှတစ်ဆင့် တင်ပို့နိုင်လျှင် ကုန်စည်ပို့ဆောင်ခ ဒေါ်လာဘီလီယံ ၆၀ မှ ၁၂၀ ခန့် အထိ နှစ်စဉ်သက်သာသွားနိုင်သည်ဟု ဆိုသည်။ ထို့အပြင် တောင်တရုတ်ပင်လယ်မှ အိန္ဒိယသမုဒ္ဒရာ၊ မြေထဲပင်လယ်တို့ကိုဖြတ်၍ တောင်ဘက်မှ ပတ်သွားရမည့် ရေလမ်းကြောင်းပေါ်ရှိ မလက္ကာရေလက်ကြား၊ ပင်လယ်နီနှင့် စူးအက်တူးမြောင်း စသည့် ပုလင်းလည်ပင်း (Bottle-neck Choke Point) နေရာများမှ ပိတ်ဆို့ခံရမည့် အန္တရာယ်၊ ပင်လယ်ဓားပြအန္တရာယ် စသည့် ရေကြောင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်လေသည်။

**အနာဂတ်အလားအလာ**

မည်သို့ပင်ဖြစ်စေ တရုတ်ကို မဟာဗျူဟာအရ အဓိကပြိုင်ဘက်အဖြစ် မှတ်ယူထားသည့် သမ္မတဒေါ်နယ်ထရမ့်အတွက်မူ ဂရင်းလန်ကျွန်းနှင့် အာတိတ်ဒေသသို့ တရုတ်တို့ ပိုမိုထိုးဖောက်ချဉ်းကပ်လာခြင်းကို မည်သို့မျှ နှစ်မြို့နိုင်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဂရင်းလန်ကျွန်းကို မရ-ရသည့်နည်းဖြင့် ရယူမည်ဟု ကြုံးဝါးပြောဆိုနေခြင်းဖြစ်၏။ ကနေဒါနိုင်ငံမှာလည်း ဂရင်းလန်နှင့် အမေရိကန်အကြား စပ်ကြားနယ်မြေဖြစ်နေလေရာ ကနေဒါကို အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းနိုင်ပါက မြောက်ဝင်ရိုးစွန်းမှ အလယ်အမေရိကတိုင်အောင် အနောက်ကမ္ဘာခြမ်းတစ်ခုလုံး၏ မြောက်ပိုင်းတစ်ပိုင်းလုံးကို အမေရိကန်က မောင်ပိုင်စီးနိုင်လိမ့်မည် ဖြစ်လေသည်။ ဤသည်ပင် ပထဝီနိုင်ငံရေးအရ ထရမ့်၏ မဟာအမေရိကန် နယ်ပယ်ချဲ့ထွင်ရေး (Pax Americana) MAGA စိတ်ကူးဟု ရှုမြင်ရပေသည်။

ထရမ့်၏ နယ်မြေချဲ့ထွင်ရေးစိတ်ကူးမှာ ၂၀ ရာစုအစပိုင်းက ပေါ်ထွန်းခဲ့သည့်ပညာရှင် Friedrich Ratzel ၏ ပထဝီနိုင်ငံရေးဆိုင်ရာ Organic Theory ကို ပြန်လည်ကျင့်သုံးနေသည့်ပုံရှိသည်ဟု လေ့လာသူအချို့က ဆိုကြသည်။ Ratzel ၏ သီအိုရီအကျဉ်းချုပ်မှာ နိုင်ငံများသည် သက်ရှိသတ္တဝါများ ရှင်သန်ရေးနှင့် ခွန်အားရှိရေးအတွက် အစာစားသကဲ့သို့ နယ်မြေများကိုရယူချဲ့ထွင်၍ အင်အားတိုးချဲ့ရမည်ဟူသော အယူအဆဖြစ်သည်။ ယခုလည်း ထရမ့်၏ နယ်မြေချဲ့ထွင်ရေးအယူအဆကို Ratzel ၏ နောက်လိုက်တစ်ဦးဖြစ်သည့် ဟစ်တလာနှင့် နှိုင်းယှဉ်၍ ဟစ်တလာပုံစံပေါက်နေသော ထရမ့်ရုပ်ပုံ ရေးဆွဲသရော်မှုများလည်း ပေါ်ပေါက်လာသည်။

သို့သော်လည်း ထရမ့်၏ ဂရင်းလန်အိပ်မက်မှာ လက်တွေ့ဖော်ဆောင်ရန် ခက်မည့်သဘောရှိ၏။ နေတိုးစစ်စာချုပ်အဖွဲ့ဝင် အချင်းချင်းဖြစ်သော ဒိန်းမတ်ကို စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်၍ ဂရင်းလန်ကို အင်အားသုံးရယူရန်မှာ မဖြစ်နိုင်သလောက်ရှိသည်။ ငွေကြေးဖြင့် ဝယ်ယူရန်မှာလည်း **“ဂရင်းလန်သည် ရောင်းရန်မဟုတ်”**ဟု ဒိန်းမတ်ဝန်ကြီးချုပ်က ကြေညာထားသောကြောင့် အလားအလာ နည်းလှသည်။

အခြားတစ်ဖက်တွင်မူ ဂရင်းလန်ကျွန်းသားများ၏ သဘောဆန္ဒက အဓိကကျသည်။ ၂၀၀၉ ခုနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေအရ ဂရင်းလန်ကျွန်းသားများက လူထုသဘောထားဆန္ဒ ခံယူပွဲကျင်းပ၍ ဂရင်းလန်၏ အနာဂတ်ကို ဆုံးဖြတ်ခွင့်ရှိသည်။ ထို့ကြောင့် ဂရင်းလန်ကျွန်းသားများက ဒိန်းမတ်ထံမှ ခွဲထွက်၍ လွတ်လပ်ရေးရယူလိုက်လျှင် အမေရိကန်နှင့် ပေါင်း/မပေါင်း ဆုံးဖြတ်ရန်မှာ လူဦးရေ ခြောက်သောင်းအောက်သာရှိပြီး ကမ္ဘာ့အကြီးဆုံးကျွန်းကြီးကို ပိုင်ဆိုင်သော ဂရင်းလန်သားများ၏ သဘောထားသက်သက်မျှ ဖြစ်သွားပေလိမ့်မည်။ ထိုမျှနည်းပါးသော လူဦးရေဖြင့် ထိုမျှကြီးမားသော ကျွန်းကြီးကို ထိန်းချုပ်ကာကွယ်နိုင်ရန်မှာ မဖြစ်နိုင်သလောက်ရှိသည်။ ထို့အပြင် လက်ရှိအခြေအနေတွင်လည်း အမေရိကန်စစ်စခန်းက ဂရင်းလန်ကျွန်းပေါ်၌ ရှိနေသည်။ အကယ်၍သာ ဂရင်းလန်ကျွန်းသားများကို မက်လောက်သည့် စီးပွားရေးနှင့် ကာကွယ်ရေး မက်လုံးများပေးကာ ဆွဲဆောင်စည်းရုံးနိုင်လျှင်မူ ထရမ့်၏ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ကောင်း ဖော်နိုင်ဖွယ်ရှိပေသည်။

လက်သွက်သော ထရမ့်ကလည်း သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီကပင် သားဖြစ်သူ ဂျူနီယာထရမ့်ကို သူ၏ကိုယ်ပိုင်လေယာဉ်ကြီးဖြင့် ဂရင်းလန်သို့စေလွှတ်ကာ ကျွန်းသားများနှင့်ထိတွေ့ဆွေးနွေးစေခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ဂရင်းလန်သည် အမေရိကန်ပိုင်နက်နယ်မြေအဖြစ် တရားဝင် ဖြစ်မလာနိုင်သေးသည့်တိုင်အောင် အမေရိကန်တို့၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ စောင့်ရှောက်ခံဘဝသို့ ပုံစံတစ်မျိုးမျိုးဖြင့် တဖြည်းဖြည်း ရောက်ရှိလာရန် အလားအလာမှာကား နီးစပ်နိုင်သည်ဟု ကောက်ချက်ချတင်ပြအပ်ပါသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များရိုက်နှိပ်နေမှု ကြည့်ရှုစစ်ဆေး

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဂျီတီစီပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံတို့မှ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန် အပ်နှံထားသည့် ကျောင်းသုံးစာအုပ်များအပြင် ဝန်ကြီးဌာနအသီးသီးကလည်း ပုံနှိပ်ရန် အမှာစာများ ရရှိထားပြီးဖြစ်သဖြင့် လုပ်ငန်းများအားလုံး သတ်မှတ်ထားသည့်အချိန် ပြီးစီးရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်တွင် အခက်အခဲစိန်ခေါ်မှုများ ရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှု၊ နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် ယနေ့နိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေမှန်များကို သိရှိနားလည်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံဝင်းများအတွင်း ကျောင်းသုံးစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင်များ ပုံနှိပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရန် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ယမန်နှစ်ကကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအပေါ် အတွေ့အကြုံများရယူပြီး ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

အခမ်းအနားသို့ ပြည်သူချစ်သက်ကြီးအနုပညာရှင်များကို တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည့်အတွက် ၎င်းတို့၏သွားလာရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးကိစ္စများကို ကူညီဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များကို အကြံပြုဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

---

## မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၂

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အကြောင်းရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်းမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စီမံကိန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ စီမံကိန်းဝင်မြို့နယ် ၁၅ ခုမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက သီးနှံများ ပျက်စီးဆုံးရှုံးမှုကြောင့် ကျေးလက်အိမ်ထောင်စုများ၏ လူမှုစီးပွားနှင့် စိုက်ပျိုးရေးဆိုင်ရာအခြေအနေများကို သိရှိနိုင်ရန်နှင့် အပူပိုင်းဇုန်တွင် သီးနှံများဆုံးရှုံးမှုအပေါ်အခြေခံ၍ သင့်လျော်မည့်မဟာဗျူဟာများကို ဖော်ထုတ်ရန် ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သင်တန်းမှ အသိပညာများကို လက်တွေ့အသုံးချနိုင်ရေးကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် တံတားဦးမြို့နယ် စကားအင်းကျေးရွာ တောင်သူဦးဘိုးစိုး၏ ရေဆင်းစပ်မျိုးနေကြာ လေးဧကစိုက်ခင်းကို ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများလုပ်ငန်းခွင် ပျော်ရွှင်ရေးနှင့် ရုံးသုံးပစ္စည်းများ ကောင်းမွန်စေရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ဖြူးမြို့နယ်၌ ဆီထွက်ဆောင်းသီးနှံမြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးမှု ပြီးစီး

ဖြူး ဇန်နဝါရီ ၂၂

ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေး ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ယခုနှစ် ဆီထွက်ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးမှု ၁၁၃၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖြူးမြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ပျိုးရာတွင် ဗီယက်နမ်မျိုးများအပြင် အထွက်နှုန်းကောင်းသည့် မြေပဲမျိုး ဧက၂၅၆၀၊ ဆောင်းနှမ်းစိုက်ပျိုးရာတွင် ဆင်းရတနာ - ၃၊ ဆင်းရတနာ - ၄ ၊ TBL-BS-7 မျိုးများကို အဓိကထား၍ ၁၅၈၆ ဧက၊ ဆောင်းနေကြာစိုက်ပျိုးရာတွင် သီးသန့်စိုက်ပျိုးခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်းတို့ စိုက်ပျိုးကြပြီး ဆင်းရွှေကြာ၊ ရေဆင်း-၁ စပ်မျိုးနေကြာမျိုးများကို အဓိကထား၍ ၇၁၆၈ ဧက စုစုပေါင်း ၁၁၃၁၄ ဧကကို အောက်တိုဘာ၊ နိုဝင်ဘာလများမှ စတင်စိုက်ပျိုးခဲ့ရာ လျာထားချက်ပြည့်မီစိုက်ပျိုးနိုင်ပြီး ယခင်နှစ်များထက် ဆီထွက်နှုန်းကောင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

---

## တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

တနင်္သာရီ ဇန်နဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ရေချိုကို ချွေတာသုံးစွဲရန်နှင့် ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနည်းလမ်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးခဲ့ကာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုစေမည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများထံ ဝေငှပေးကြကြောင်း သိရသည်။ **နန်းသာရီ~ထိန်ဝင်း(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သုံးနေရာခွဲ၍ ကျင်းပပြီး ရန်ကုန်နှင့် မန္တလေးသင်တန်းများတွင် ကြီးကြပ်ရေးမှူး သင်တန်းသား ၅၂၆ ဦးနှင့် နေပြည်တော်တွင် ကျင်းပသည့် ယခုသင်တန်းတွင် သင်တန်းသား ၂၇၈ ဦး တက်ရောက်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံအဆင့် ကျင်းပပြုလုပ်သည့် စာမေးပွဲဖြစ်သည့်အတွက် စာမေးပွဲစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး ယခုလိုကြီးကြပ်ရေးမှူး သင်တန်းများကို နှစ်စဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်ကြမည့် ဆရာကြီး ဆရာမကြီးများ အနေဖြင့် မိမိတာဝန်ကျရာ စာစစ်ဌာနများတွင် တရားမျှတပြီး မသမာမှုကင်းရှင်းသည့် စာမေးပွဲဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Non-programmable Scientific Calculator များကို စာစစ်ဌာနများသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက စာမေးပွဲဆိုင်ရာလုပ်ငန်းများ၊ စာမေးပွဲဖြေဆိုခွင့်ဆိုင်ရာလုပ်ငန်းများ အခန်း(၁)၊ စာစစ်ဌာနလျာထားသတ်မှတ်ခြင်းနှင့် ကြီးကြပ်ရေးခန့်ထားခြင်းအခန်း (၂)(၃)၊ စာမေးပွဲကာလမေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များ အခန်း(၄)၊ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် ရုံးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အခန်း(၅)၊ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ ပြစ်ဒဏ်များ အခန်း(၆)၊ ကြီးကြပ်ခ၊ အသေးသုံးစရိတ်ဆိုင်ရာလုပ်ငန်းများအခန်း(၇) တို့ကို သင်တန်းပို့ချခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲ၊ သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မအူတောကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့တွင် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်နေသည့် စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၂၆၀ ဒသမ ၇၀ ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



## လှည့်လည်ကြည့်ရှု

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဖော်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဖော်ထုတ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် အတွင်းရှိ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီးမှ သာယာစုကျေးရွာချင်းဆက်လမ်း အောက်ခံကျောက်လမ်း ပြုပြင်ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာအနီးရှိ ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ ကွင်းအမှတ်(၁၆၂၃-က)ရှိ ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တောင်သူများထံ သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်ရှိ ဆင်ဖြူရှင်တောရ ပရိယတ္တိစာသင်တိုက် မြေထိန်းနံရံတည်ဆောက်နေမှုကို လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် တပင်ရွှေထီးရပ်ကွက် ခရေလမ်း ကွန်ကရစ်လမ်းခင်းနေမှုကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းမကြီးနှင့် မြို့ပတ်လမ်းတို့တွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ကျင်းပသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းသားများ စုဖွဲ့လေ့ကျင့်မှုအခမ်းအနား ကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)အမှတ်စဉ် (၁/၂၀၂၅)သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ စုဖွဲ့လေ့ကျင့်မှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



## ကြည့်ရှုအားပေး

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းသားများက အသက်ကယ်စွမ်းရည်သရုပ်ပြသခြင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း မီးလောင်မှုအား မီးငြိမ်းသတ်ခြင်းနှင့် မီးခိုးအလုံပိတ်ခန်းအတွင်း ပိတ်မိနေသော လူနာများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ဆောင်ရွက်ခြင်းများ သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းသားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ဖျာပုံခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

☆ ကျောဖုံးမှ

လီဗာပူးအသင်းကတော့ ချန်ပီယံလိဂ် ခုနစ်ပွဲမှာ ရှုံးပွဲမရှိစံချိန်နဲ့အတူ နောက်တစ်ဆင့်တက်ခဲ့တာလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဆာလာဟာ ယခုဘောလုံးရာသီမှာ ချန်ပီယံလိဂ် သွင်းဂိုးသုံးဂိုးရှိသွားပြီဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ ဥရောပသွင်းဂိုး စုစုပေါင်း ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ အတ္တလန္တာအသင်းက စတမ်းအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မိုနာကိုအသင်းက အက်စ်တွန်ဗီလာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်အသင်းက လေဗာကူဆင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘာစီလိုနာအသင်းက ဘင်ဖီကာအသင်းကို ငါးဂိုး-လေးဂိုး၊ ဘိုလော့ဂ်နာအသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပီအက်စ်ဗွီအသင်းက ရက်ဒ်စတားအသင်းကို သုံးဂိုး-နှစ်ဂိုး၊ စတုဂတ်အသင်းက ဆလိုဗန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# MSME နှင့် ခရီးသွားလုပ်ငန်း

**စည်သူကျော်**

ယနေ့ကာလတွင် နိုင်ငံတော်က MSME ဟု ခေါ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ ထုတ်ကုန်များကို အထူးအားပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် MSME ထုတ်ကုန်ပြပွဲများကို စီစဉ်ကျင်းပ၍ ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို ချေးငွေများ စိစစ်ထုတ်ချေးပေးခြင်း၊ နည်းပညာနှင့် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း များကို နိုင်ငံတော်အဆင့်မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ အော်ဂျင်စီများဖွဲ့စည်း၍ အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး အဆိုပါကော်မတီနှစ်ခုက ဦးဆောင်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ စသည့်အဖွဲ့များကို ဖွဲ့စည်းထားရှိခဲ့ပါသည်။

## နိုင်ငံ့စီးပွားရေးကို ထောက်ကန်မြှင့်တင်ပေးနိုင်သော စွမ်းအားစုများ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းထုတ်ကုန်များသည် အောက်ခြေအဆင့် (Grassroot Level)အထိ ထိုးဖောက်ပျံ့နှံ့နိုင်ခြင်း၊ ထို့မှတစ်ဆင့် အခြားသောဒေသများသို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်ခြင်း၊ ဒေသတစ်ခု၏ အမှတ်တံဆိပ် (Trade Mark) အဖြစ် အောင်မြင်ကျော်ကြားသော ထုတ်ကုန်များဖြစ်လာနိုင်ခြင်းစသည့် အခွင့်အလမ်းများရှိနေသကဲ့သို့ ကျွမ်းကျင်မှုနည်းပါးသော အမျိုးသမီးများနှင့် လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ ဈေးကွက်နှင့် နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများကို ရရှိစေနိုင်ခြင်းတို့ကြောင့် စားသုံးသူနှင့် ထုတ်လုပ်သူသာမက ဒေသခံပြည်သူများကိုပါ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သော လုပ်ငန်းစုများပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် MSME လုပ်ငန်းများသည် သေးငယ်သောလုပ်ငန်းစုများပင် ဖြစ်လင့်ကစား ဒေသစီးပွားရေး၊ ထို့မှတစ်ဆင့် နိုင်ငံ့စီးပွားရေးကို ထောက်ကန်မြှင့်တင်ပေးနိုင်သော စွမ်းအားစုများပင်ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားသော စီးပွားရေးလုပ်ငန်းစုများနှင့် ခရီးသွားလုပ်ငန်းအကြား ဆက်နွှယ်မှုသည်လည်း ကြီးမားကျယ်ပြန့်လာခဲ့သည်။ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် ဒေသ၏ဝင်ငွေကို တိုးမြှင့်ပေးနိုင်မှုတို့သည် ခရီးသွားလုပ်ငန်း၏ ထင်သာမြင်သာရှိသော



ခရီးသွားများအား ဆွဲဆောင်လျက်ရှိသည့် ပုဂံမြို့မှ ယွန်းထည်ပစ္စည်းများကို တွေ့ရစဉ်။

အကျိုးရလဒ်များဖြစ်ပါသည်။ ထို့နောက် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအသက်ဝင်လာခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားလာခြင်းတို့သည် ခရီးသွားလုပ်ငန်း၏ အပြုသဘောဆောင်သောအကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။

## အပြန်အလှန်အားဖြင့် ဆက်စပ်လျက်ရှိ

အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်များ/လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍတို့သည် အပြန်အလှန်အားဖြင့် ဆက်စပ်လျက်ရှိနေပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများ၌ ခရီးသွားလုပ်ငန်းတွင် အသေးစား၊ အငယ်စားလုပ်ငန်းများ အများအပြား ဆက်စပ်ပါဝင်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ အခန်း အရေအတွက်နည်းပါးသော ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များသည် ခရီးသွားလုပ်ငန်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ကြသည်။

ထင်ရှားသော ခရီးစဉ်ဒေသတစ်ခုလျှင် ယင်းလုပ်ငန်းအများအပြား တည်ရှိကြသည်ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝအလှအပများ ပေါကြွယ်ဝလှသော မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် MSME လုပ်ငန်းများ/ထုတ်ကုန်များသည် ကြီးမားသော လုပ်ငန်းကဏ္ဍအစုအဝေးကြီးသဖွယ် ဖြစ်နေပေသည်။

ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆက်နွှယ်မှုနှင့် သဘောတရားတို့ကို လေ့လာကြည့်ပါက အပြန်အလှန်အကျိုးပြု ချိတ်ဆက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နည်းပညာရပ်ဆိုင်ရာ ဝေါဟာရများကို ရင်းနှီးရှိရမည်၊ ကျိုက်ထီးရိုးအပြန်လက်ဆောင်၊ ရန်ကုန်အပြန်လက်ဆောင်၊ အညာအပြန်လက်ဆောင်၊ မန္တလေးဘုရားဖူးအပြန်လက်ဆောင်စသော ရှေးမဆွကပင် သုံးနှုန်းခေါ်ဆိုခဲ့သည့် အခေါ်အဝေါ်များကို အများကြားဖူးရင်းနှီးပြီးဖြစ်ပါသည်။ ခရီးသွားဆွေမျိုးမိတ်ဆွေများ၏ကျေးဇူးကြောင့် အရပ်တစ်ပါးမှ အစားအသောက်နှင့်လူသုံးကုန်ပစ္စည်းများကို မြည်းစမ်းသုံးစွဲခွင့်ရ၍။ ကြိုက်နှစ်သက်သောကြောင့် နောက်လူကြုံရှိတိုင်းမှာရသည်။

အချို့ တွင်ကျယ်လာသောအစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို ပေါပေါများများဝယ်ခြမ်းလာကာ ပြန်လည်မျှဝေရောင်းချသည်လည်းရှိ၏။ ယင်းသည် ရိုးရှင်း၍ အခြေခံကျသော ခရီးသွားလုပ်ငန်းနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်လုပ်မှုလုပ်ငန်းများ၏ ဆက်နွှယ်မှုဖြစ်ပါသည်။ နောက်ပိုင်းတွင် ခရီးသွားများသည် မိမိရောက်ရှိခဲ့သော ဒေသ၏ အမှတ်ရစေမည့် အမှတ်တရပစ္စည်းများကို ဝယ်ယူစုဆောင်းမှု၊ တစ်ဆင့် ပြန်လည်လက်ဆောင်ပေးမှုတို့ကြောင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချမှုများ တွင်ကျယ်လာခဲ့သည်။ ၎င်းတို့သည် ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်နွှယ်သော MSME လုပ်ငန်းများ/ထုတ်ကုန်များပင်ဖြစ်ကြသည်။

သို့ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ကိုယ်တိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖြစ်နိုင်သကဲ့သို့ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသော ကြားခံ (Medium) လုပ်ငန်းစုလည်းဖြစ်ပါသည်။

ထို့ပြင် MSME လုပ်ငန်းများ/ထုတ်ကုန်များ၏ ဈေးကွက်နယ်ပယ် ဖြန့်ကြက်မှုတွင်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည် အရေးပါလှသည်။ ဟိုတယ်များတွင် ပြည်တွင်းဖြစ်ရိုးရာလက်မှုပစ္စည်းများ၊ ပရိဘောဂများအသုံးပြုခြင်း၊ အလှဆင်ခြင်း၊ ဒေသထွက်အစားအသောက်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်း၊ ဒေသထွက်ကုန်များကို ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် ခင်းကျင်းရောင်းချပေးခြင်းအားဖြင့် MSME လုပ်ငန်းများ/ ထုတ်ကုန်များကို အားပေးရာရောက်သကဲ့သို့ ဈေးကွက်ရှာဖွေပေးခြင်းအပိုင်းတွင်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါသည်။

ထိရှလွယ်သော ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ အကြောင်းတစ်စုံတစ်ရာ (ဥပမာ- သဘာဝဘေးကျရောက်ခြင်း၊ ခရီးစဉ်ဒေသ၏ ပုံရိပ်ကျဆင်းခြင်း) တို့ကြောင့် ခရီးစဉ်ဒေသတစ်ခု၏ ခရီးသွားဧည့်သည်ဝင်ရောက်မှု ကျဆင်းသွားပါက ခရီးသွားလုပ်ငန်းကို အမှီသဟဲပြုနေသော MSME လုပ်ငန်းများ၏ ထုတ်လုပ်ရောင်းချမှုသည်လည်း ကျဆင်းသွားမည်ဖြစ်သည်။ သို့သော် ယနေ့အချိန်အခါတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များသည် ခရီးသွားလုပ်ငန်း၏ ဈေးကွက်မြှင့်တင်ပေးမှုကို ကျော်လွန်၍ မြန်မာနိုင်ငံ တစ်နံတစ်လျား ဖြန့်ကြက်ရောက်ရှိနိုင်ပြီဖြစ်ပါသည်။ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများတွင်သာမက လက်လီလက်ကားဖြန့်ဖြူးရောင်းချသူများ၏ ဈေးကွက်အတွင်း ရောက်ရှိလာနိုင်ပြီဖြစ်သည်။

ပုဂံပုံးရည်ကြီးကို ပုဂံဘုရားဖူးသွားသူများထံ မှာယူစရာမလိုတော့။ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သည်။ ထုပ်ပိုးမှုများ သပ်ရပ်ကောင်းမွန်လာသည်။ သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်လမ်းညွှန်မှုကြောင့် ထုတ်ကုန်များတွင် ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ မှတ်ပုံတင်အမှတ်တံဆိပ်တို့ ပါဝင်လာသည်။ စားသုံးသူ၏ ထုတ်ကုန်အပေါ် ယုံကြည်မှုကိုရရှိလာသည်။ သို့သော် ထုတ်ကုန်တစ်ခု၊ အမှတ်တံဆိပ်တစ်ခုသည် ရေရှည်တည်တံ့အောင်မြင်ရန် အရေးကြီးသည်ကို အားလုံးသိပြီးဖြစ်ပါလိမ့်မည်။ ဤနေရာတွင် ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။

## ယှဉ်ပြိုင်နိုင်စွမ်းဆိုင်ရာ အချက်အလက်များ

ထုတ်ကုန်တစ်ခု ရေရှည်တည်တံ့ရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်းဆိုင်ရာ အချက်အလက်များကို လေ့လာကြည့်ရာတွင် အောက်ပါအချက်လေးချက်သည် အဓိကကျသည်ကို နေရာတော်တော်များများတွင် လေ့လာတွေ့ရှိရသည်-

၁။ ဈေးကွက်အသိအမြင်၊

၂။ ထုတ်လုပ်နိုင်စွမ်းအား၊

၃။ ဈေးနှုန်း၊ အရည်အသွေးနှင့်တင်ပို့နိုင်မှု၊

၄။ ဈေးကွက်တွင် ဝင်ဆံ့နိုင်မှု၊

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပင်ကိုသဘာဝအားဖြင့် လုပ်ငန်းအငယ်များဖြစ်ခြင်းကြောင့် လုပ်ငန်းစုကြီးများကဲ့သို့ ဈေးကွက်အသိအမြင်နှင့် ဝင်ဆံ့နိုင်မှုတို့တွင် အားနည်းမှုရှိနိုင်ပါသည်။ ထို့ကြောင့်ပင် ယနေ့ နိုင်ငံတော်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ/ထုတ်ကုန်များကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြပွဲများပြုလုပ်၍ ဈေးကွက်ရရှိစေရေး၊ ဈေးကွက်အသိအမြင်နှင့် ဈေးကွက်ဝင်ဆံ့နိုင်မှုအားကောင်းလာစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်သည်။

ထို့နောက် ထုတ်လုပ်နိုင်စွမ်းအားအပိုင်းဖြစ်သည်။ ဈေးကွက်ရရှိလာပါက ကုန်ထုတ်လုပ်ငန်းတစ်ခုသည် ဈေးကွက်ကတောင်းဆိုသည့်ပမာဏကို သတ်မှတ်အချိန်ကာလအတွင်း ထုတ်လုပ်ပေးနိုင်ရန် လိုအပ်လာမည်ဖြစ်သည်။ ယင်းအတွက် နိုင်ငံတော်က ကုန်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရန် ချေးငွေများထုတ်ချေးပေးခြင်းအပါအဝင် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အရည်အသွေးပိုင်းသည် MSME လုပ်ငန်းများ၏ အဓိကစိန်ခေါ်မှုအပိုင်းဖြစ်သည်ဟု မြင်မိသည်။ ကောင်းမွန်သောအရည်အသွေးကို တစ်သမတ်တည်း ပိုင်ဆိုင်ထားရှိရန် အရေးကြီးသည်။ လက်ရှိအချိန်တွင် ဈေးကွက်အသိအမြင် အားကောင်းလာသော MSME လုပ်ငန်းများသည် မိမိတို့၏ထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရေးနှင့် ရေရှည်ထိန်းသိမ်းထားနိုင်ရေး အားထုတ်ကြိုးပမ်းလာကြသည်ကိုလည်း ဝမ်းမြောက်စရာ တွေ့မြင်လာရသည်။

သို့ဖြစ်ရာ ခရီးသွားများ၏ ယနေ့အိမ်အပြန်လက်ဆောင်သည် မူလအရည်အသွေးမပျက် ထုပ်ပိုးမှုကောင်းသော မျက်နှာပန်းလှစရာအိမ်အပြန်လက်ဆောင်များ ဖြစ်လာပေမည်။ လက်ဆောင်မဝယ်ဖြစ်ခဲ့သော် မပူပါနှင့်။ နီးစပ်ရာဈေးကွက်မှ ဝယ်ယူ၍ အိမ်အပြန်လက်ဆောင်အဖြစ် ဝမ်းမြောက်ဝမ်းသာပေးနိုင်ပါလိမ့်မည်ဖြစ်ပါကြောင်း။ ။

> “MSME လုပ်ငန်းများ / ထုတ်ကုန်များ၏ ဈေးကွက်နယ်ပယ်ဖြန့်ကြက်မှုတွင်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည် အရေးပါလှသည်။ ဟိုတယ်များတွင် ပြည်တွင်းဖြစ်ရိုးရာလက်မှုပစ္စည်းများ၊ ပရိဘောဂများအသုံးပြုခြင်း၊ အလှဆင်ခြင်း၊ ဒေသထွက်အစားအသောက်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်း၊ ဒေသထွက်ကုန်များကို ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် ခင်းကျင်းရောင်းချပေးခြင်းအားဖြင့် MSME လုပ်ငန်းများ / ထုတ်ကုန်များကို အားပေးရာရောက်သကဲ့သို့ ဈေးကွက်ရှာဖွေပေးခြင်းအပိုင်းတွင်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်”




○ မြန်မာဖိုက်တာမှ

ယင်းပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး မြန်မာဖိုက်တာများဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်သည် ထိုင်းဖိုက်တာများနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ONE-170 ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် ထိုင်းဖိုက်တာ တာဝမ်ချိုင်းနှင့် ထိုင်းဖိုက်တာ ဆူပါဘွန်း၊ Co-Main Event များအဖြစ် ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဘရာဇီးဖိုက်တာ ဖာဘယီစီယိုနှင့် တောင်ကိုရီးယားဖိုက်တာ ကွမ်ဝန်အီ၊ အင်တာရမ်ဘင်တန်ဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် စကော့တလန်ဖိုက်တာ နီကိုနှင့် ထိုင်းဖိုက်တာ နာဘေးလ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားစိန်ခေါ်ပွဲများအဖြစ် ထိုင်းဖိုက်တာ ဆက်ဆန်နှင့် မြန်မာဖိုက်တာ စိုးလင်းဦး၊ ထိုင်းဖိုက်တာ နာတာဝပ်နှင့် ပြင်သစ်ဖိုက်တာ ကူယာတေး၊ ထိုင်းဖိုက်တာ ဆင်ဆာမွတ်နှင့် စပိန်ဖိုက်တာ တော်ဂျူလို၊ အမေရိကန်၊ မလေးရှားဖိုက်တာ ဂါဇာလီနှင့် လစ်သူရေးနီးယားဖိုက်တာ ဂျိုဟာန်၊ ဆွစ်ဇာလန်ဖိုက်တာ အာဘီဗီနှင့် ကာဇက်စတန်ဖိုက်တာ မာမီဒွေါဗ်၊ ဘရာဇီးဖိုက်တာ မာဆယ်လိုနှင့် ဂျပန်ဖိုက်တာ မာဆာကာဇူ၊ အီရတ်ဖိုက်တာ ရှာကီနှင့် ဂျပန်ဖိုက်တာ နိုအီရီ၊ ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် မြန်မာဖိုက်တာ သန့်ဇင်၊ ဗြိတိန်ဖိုက်တာ ဟက်ဂါတေးနှင့် လစ်သူရေးနီးယားဖိုက်တာ ဂျော်ဒန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

စိုးလင်းဦးနှင့် သန့်ဇင်သည် နောက်ဆုံးထိုးသတ်သည့်ပွဲများတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE Championship**

## ပုသိမ်မြို့၌ လက်မှတ်ရစီးပွားရေးစာရင်းကိုင်ပညာ နှစ်နှစ်သင်တန်း ဒုတိယနှစ် သင်တန်းသား သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် တွေ့ဆုံမိတ်ဆက်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၂**

လက်မှတ်ရစီးပွားရေးစာရင်းကိုင်ပညာ နှစ်နှစ်သင်တန်းပြီးမြောက်မည့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သင်တန်းကျောင်းမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သင်တန်းဆင်းဦးရေ ၄၉ ဦး ရှိသည့်အနက် သုံးဦးမှာ သမဝါယမကောလိပ် (ဖောင်ကြီး)သို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိခဲ့ပြီး ကျန်သင်တန်းသား သင်တန်းသူ ၄၆ ဦးတို့မှာ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းများ၊ အရောင်းဆိုင်များနှင့် စတိုးဆိုင်များ၊ စက်ရုံများ၊ အစိုးရဌာနများ၊ ကိုယ်ပိုင်လုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာသည်နှင့် တိုင်းဒေသကြီး၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် သင်တန်းကျောင်းမှ ကထိကတစ်ဦးက အခြေခံပညာအလယ်တန်း (Grade-9) အောင်မြင်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် သက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ သက်မွေးမှုပညာ သင်ယူတတ်မြောက်ပြီးသူများထဲမှ ထူးချွန်သူများကို သမဝါယမကောလိပ်များနှင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ဆက်လက်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် ပို့ချသည့်ဘာသာရပ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံ့ကိုယ်စားပြု ခြင်းလုံးအားကစားတွင် ထူးချွန်ဆုတံဆိပ်များ ရရှိခဲ့သော ဒုတိယနှစ်သင်တန်းသူ မမှုံနုံ့သာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ပြီး ဒုတိယနှစ် သင်တန်းသားများက သင်ကြားခဲ့ရသည့် ဘာသာရပ်များနှင့် အကျိုးကျေးဇူးများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ တက်ရောက်လာသည့်လုပ်ငန်းရှင်များက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ




**မော်လမြိုင် ဇန်နဝါရီ ၂၂**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အစိုးရစက်မှုလက်မှု သိပ္ပံ (မော်လမြိုင်)၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်) ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ပြီး အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများ မွေးထုတ်နိုင်ရန် ရည်ရွယ်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)ကို ဖွင့်လှစ်ပေးထားခြင်း ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်တက္ကသိုလ်များတွင် တက်ရောက်သင်ကြားနေသူများရှိသလို နည်းပညာနှင့်သက်မွေးပညာ သင်ကြားလိုသူ လူငယ်လူရွယ်များအတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍသည် အထူးအရေးပါသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသားကျောင်းသူ မောင်မယ်တို့သည် မိမိဒေသအတွင်း အမှန်တကယ်အသုံးချရန်လိုအပ်နေသည့် နည်းပညာနှင့် သက်မွေးပညာရပ်များကို အကျိုးရှိရှိ အသုံးချနိုင်ရန် ကြိုးစား အားထုတ်ရန်လိုအပ်ပြီး ပြည်နယ်အတွက် အားကိုးရမည့် အသိပညာရှင်၊ အတတ်ပညာရှင် လူတော်၊ လူကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

**ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်**

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီးက ကျောင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကအလှများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေပေးကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)မှ မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ် အလက မဂူကျွန်း၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**ကန်ကြီးထောင့် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းများကို ယနေ့ နံနက် ၉ နာရီက မဂူကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာ၌ မီးသတ်ဆေးဘူးအား အသုံးပြုနည်းများကို စနစ်တကျရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ဉာဏ်စမ်းပဟေဠိများ မေးမြန်းပြီး ဆုရရှိသူများအား ဆုများပေးအပ်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မဂူကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၄ ဦးတို့အား မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသ လေ့ကျင့်ပေးကြရာ ကျောင်းသား ကျောင်းသူများက ပူးပေါင်းပါဝင်လေ့ကျင့်ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

■



# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် သုတေသနစာတမ်းများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့မှ ကထိကများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သားဖွားမီးယပ်အထူးကုဆရာဝန်၊ တပ်မတော်ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့်ဘွဲ့လွန်သင်တန်းသူများ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် လူမှုဘဝနေထိုင်မှုနှင့် အစာအာဟာရစားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုတိုးတက်များပြားလာသောကြောင့်ယင်းအပြုအမူများကို ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောလူမှုဘဝတိုးတက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောလူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း (Promoting a Healthy Lifestyle Addressing Health Risk Behaviors) ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာရဲတင့်လွင်က အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ လေ့ကျင့်ခန်းသည်ဆေးဖြစ်သည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာ သီတာဝင်းက မြန်မာနိုင်ငံအတွင်း ဆေးရွက်ကြီးထိန်းချုပ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် HIV ရောဂါကိုကာကွယ်ခြင်းဖြင့် ကျန်းမာရေးကိုထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂)(ရန်ကုန်) တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးကျော်သူက ကျန်းမာရေးထိခိုက်စေသော အပြုအမူများကို ဖြေရှင်းနိုင်သော လူနေမှုပုံစံများအား စိတ်ကျန်းမာရေးရှုထောင့်မှ တင်ပြခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြေးမုံထွေးက အာဟာရသည် ကလေးဘဝမှ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသော အပြုအမူများကို မည်ကဲ့သို့ ကာကွယ်ပေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# နတ်တလင်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းပပျောက်ရေး ကွင်းဆင်းစစ်ဆေး



**နတ်တလင်း ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ပထမပတ်မှစတင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဆောင်ရွက်ခဲ့**

အဆိုပါ စစ်ဆေးဆောင်ရွက်ခြင်းကို သာယာဝတီခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မျိုးနိုင် ဦးဆောင်၍ နတ်တလင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဝင်းဌေးနှင့် ဝန်ထမ်းများက ဌာနပိုင်ထရန်စဖော်မာများ၊ ပုဂ္ဂလိကပိုင်ထရန်စဖော်မာများ၊ ပါဝါမီတာနှင့် အိမ်သုံးမီတာများအား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



# ဒလမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကန်(တောင်)ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဒက္ခိဏာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာရှိ မေတ္တာစွမ်းရည်ဘုန်းတော်ကြီး ကျောင်းတိုက်ဓမ္မာရုံ၌ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၂၇၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချို/သွေးချို ရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သုံးခွမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သရောတောကျေးရွာတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၇၈ ဒသမ ၇၇၀ သန်းဖြင့် တင်ဒါအောင် Myanmar Golden Star Development L.,td က လက်ပန်-နန်းခလဲ-စစ်ကိုင်းစုနှင့် သရောတောကျေးရွာ ဆက်သွယ်သည့်လမ်းအားတာ ဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းအား အကျယ် ၂၂ ပေ ရရှိအောင် မြေသားခင်းလမ်း လုပ်ငန်းဆောင်ရွက်ပြုပြင်ပြီး ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ သုံးခွမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးအေးမွန်နှင့် အဖွဲ့က ယနေ့နံနက် ၁၁ နာရီတွင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သွားလာရေး အဆင်ပြေကာ သရောတောကျေးရွာမှ အိမ်ခြေ ၃၇၆ အိမ်၊ လူဦးရေ ၁၄၅၀ တို့၏ ဧက ၃၁၂ မှ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ရင်းနှီးမြှုပ်နှံမည့် ဉာဏ်ရည်တုနည်းပညာ အခြေခံအဆောက်အအုံတစ်ခု တည်ဆောက်မည်



**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံအတွင်း ဉာဏ်ရည်တုနည်းပညာအခြေခံအဆောက်အအုံတည်ဆောက်ရန်အတွက် စတားဂိတ် အမည်ရှိ စီမံကိန်းတစ်ခုကို စတင်ရန် ယမန်နေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

နည်းပညာကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် အဆိုပါဖက်စပ်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်ပေါင်း ၁၀၀၀၀၀ ကျော်ကို ချက်ချင်းဖန်တီးပေးမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

Soft Bank Group အမှုဆောင်အရာရှိချုပ် ဆန်မာဆာယိုရှိ၊ OpenAI အမှုဆောင်အရာရှိချုပ် ဆမ်အော်မန်နှင့် Oracleဥက္ကဋ္ဌလာရေးအယ်လီဆွန်တို့သည် ဒေါ်နယ်ထရမ့်၏ကြေညာချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်သည့် နာဗီဒီးယားကုမ္ပဏီတို့သည် အဆိုပါစီမံကိန်းအထမြောက်အောင်မြင် စေရန်အတွက် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ပထမဆုံးသော ဒေတာစင်တာများကို တက္ကဆက်ပြည်နယ်၌ တည်ဆောက်နေပြီဖြစ်ကြောင်း စတားဂိတ်စီမံကိန်း၏ ကြေညာချက်အရ သိရသည်။

အဆိုပါစီမံကိန်းသည် အမေရိကန်နည်းပညာသမိုင်းတစ်လျှောက် အကြီးမားဆုံးနှင့် အထင်ရှားဆုံးသော ဉာဏ်ရည်တုနည်းပညာ အခြေခံအဆောက်အအုံစီမံကိန်းဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တူကီယဲနိုင်ငံ၌ နှင်းလျှောစီးအပန်းဖြေစခန်းရှိ ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွား၊ ၇၅ ဦး အနည်းဆုံး သေဆုံး

**အန်ကာရာ ဇန်နဝါရီ ၂၂**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ဘိုလုပြည်နယ်ရှိ နှင်းလျှောစီးအပန်းဖြေစခန်းတစ်ခု၌ ဟိုတယ်တစ်လုံး မီးလောင်ခဲ့ရာ ၇၆ ဦး အနည်းဆုံး သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တူကီယဲအစိုးရအရာရှိများ၏ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများက ယနေ့သတင်းဖော်ပြသည်။

ဟိုတယ်သည် အထပ်ပေါင်း ၁၂ ထပ်ရှိပြီး သစ်သားဖြင့်ပြုလုပ်ထားသည့် အဆောက်အအုံတစ်ခုဖြစ်သည်။

အခင်းဖြစ်ပုံမှာ ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန်နံနက် ၃ နာရီ ၂၇ မိနစ်တွင် အထပ် ၁၂ ထပ်တွင်ရှိသည့် စားသောက်ခန်းမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခြားအထပ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်သမားများသည် ၁၂ နာရီကျော်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ်အတွင်း အဆိုပါဟိုတယ်၌တည်းခိုသည့် ဧည့်သည် ၂၃၀ ကျော်ရှိသည်။

မြို့တော် အန်ကာရာနှင့် အစ္စတန်ဘူလ်တို့မှ မိသားစုအများအပြား နှင်းလျှောစီးရန်လာရောက်ချိန်ဖြစ်ကြောင်းလည်း သိရသည်။

မီးလောင်ကျွမ်းမှုမှ လွတ်မြောက်ရန်အတွက် တည်းခိုသည့်ဧည့်သည်အချို့သည် ပြတင်းပေါက်မှ ခုန်ချခဲ့ကြောင်းနှင့် အဆိုပါဟိုတယ်သည် ချောက်ကမ်းပါးတွင် တည်ရှိသည့်အတွက် မီးငြိမ်းသတ်ရန်ခက်ခဲကြောင်း တာဝန်ရှိသူများက ဆိုသည်။

ဟိုတယ်ပိုင်ရှင်အပါအဝင် ကိုးဦးကို ဖမ်းဆီးထားပြီး မီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကျူးဘားနိုင်ငံအား အကြမ်းဖက်မှုများ၌ ငွေကြေးထောက်ပံ့သည့်နိုင်ငံများစာရင်းတွင် အမေရိကန်က ထည့်သွင်းသတ်မှတ်ခြင်းကို ရှုတ်ချဟု ဗင်နီဇွဲလားပြောကြား

**ကာရာကတ် ဇန်နဝါရီ ၂၂**

ကျူးဘားနိုင်ငံအား အကြမ်းဖက်မှုများ၌ ငွေကြေးထောက်ပံ့သည့် နိုင်ငံများစာရင်းတွင် အမေရိကန်သမ္မတထရမ့်က ထည့်သွင်းသတ်မှတ်ခဲ့ခြင်းအပေါ် ရှုတ်ချကြောင်း ဗင်နီဇွဲလားအစိုးရက ယနေ့ပြောကြားသည်။

၎င်းဆောင်ရွက်ချက်သည် နိုင်ငံတကာဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ရန်လိုသည့် တစ်ဖက်သတ်ဆန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် အမေရိကန်၏ယခုဆောင်ရွက်ချက်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ နှောင့်နှေးစေကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျူးဘားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားခြင်းမရှိဘဲအကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့သည် ဟူသော စွပ်စွဲချက်ဖြင့် ကျူးဘားနိုင်ငံကို ပိတ်ဆို့အရေးယူမည့် အမေရိကန်၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်ကို ရှုတ်ချကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် ပြည်သူများကပါ ၎င်းဆောင်ရွက်ချက်ကို ပူးပေါင်းရှုတ်ချရန်လိုအပ်ကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ခေတ်သစ်နယ်ချဲ့ပုံစံဖြင့် ကျူးဘားနိုင်ငံအား ပိတ်ဆို့အရေးယူရန် ဆောင်ရွက်ခြင်းအပေါ် ဗင်နီဇွဲလားနိုင်ငံက ကျူးဘားနိုင်ငံနှင့် လက်တွဲ၍ တွန်းလှန်သွားမည်ဟု ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# လာအိုနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြောင့် ယမန်နှစ်အတွင်း နိုင်ငံသား ၂၇၀၀၀၀ကျော် ထိခိုက်ခံစားခဲ့ရ

**ဗီယင်ကျန်း ဇန်နဝါရီ ၂၂**

လာအိုနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြောင့် ယမန်နှစ်အတွင်း နိုင်ငံသား ၂၇၁၁၆၈ဦး ထိခိုက်ခံစားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကစ် ၆ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ယမန်နှစ်က မုန်တိုင်းများတိုက်ခတ်ခြင်း၊ တောမီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် လေပြင်းလှုပ်ခတ်ခြင်း တို့ကြောင့် ခရိုင် ၁၄၇ ခုရှိ ကျေးရွာ ၁၇၃၀ တွင်နေထိုင်သည့် အိမ်ထောင်စု ၅၈၇၅၃ စု ထိခိုက်ခဲ့ရသည်။

သဘာဝဘေးဆိုင်ရာဖြစ်စဉ်များအတွင်း ၁၇ ဦး သေဆုံးပြီး ၅၈ ဦး ထိခိုက်ဒဏ်ရာရရှိကာ အိမ်ခြေအများအပြား ပျက်စီးခဲ့ကြောင်း လာအိုတပ်မတော်ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွင်း အမျိုးသားအဝေးပြေးလမ်းမ ၃၂၃၊ ပြည်နယ်အဆင့်အဝေးပြေးလမ်းမ ၄၆ ခု၊ ခရိုင်အဆင့် အဝေးပြေးလမ်းမ ၈၂ ခု၊ ကျေးလက်လမ်း ၁၉၅ ခု၊ တံတား ၃၁ စင်း ထိခိုက်ပျက်စီးခဲ့သည်။ ထို့ပြင် သီးနှံစိုက်ပျိုးမြေ ၄၁၀၂၇ ဟက်တာအပါအဝင် ကျွဲ၊ နွား တိရစ္ဆာန် ၄၃၄၉ ကောင်၊ စာသင်ကျောင်း ၁၂၆ကျောင်းနှင့် ကျန်းမာရေးစင်တာ ရှစ်ခုတို့ ထိခိုက်ပျက်စီးခဲ့သည်။ နိုင်ငံအတွင်းရှိ ဟူအက်ပန်၊ လောင်နမ်သက်နှင့် လန်ပရာဗမ်ပြည်နယ်များတွင် သဘာဝဘေးများကြောင့် ထိခိုက်မှုအများအပြားဖြစ်ပွားခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေရသည်။ လက်ရှိအချိန်တွင် အစိုးရက ဗဟိုအဆင့် သဘာဝဘေးစီမံခန့်ခွဲရေးရန်ပုံငွေတွင် ထပ်ဆောင်းရန်ပုံငွေ ထပ်တိုးအတည်ပြုခဲ့ပြီး သဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီများ၏ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်နေသည်။



ထို့ပြင် သဘာဝဘေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုခန့်မှန်းရေး အဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေးစနစ်ဖြင့်တင်ရေး ဆောင်ရွက်နေကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၌ အင်တာနက်အသုံးပြုသူ ၁ ဒသမ ၁ ဘီလီယံရှိလာ

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်နိုင်ငံ၌ အင်တာနက်အသုံးပြုသူဦးရေသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၁ ဒသမ ၁ ဘီလီယံအထိ ရှိလာပြီး ယခင်နှစ်ထက် ၁၆ ဒသမ ၀၈ သန်း တိုးလာကြောင်း တရုတ်နိုင်ငံ အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေး စက်မှုလုပ်ငန်းဆိုင်ရာ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

တရုတ်အင်တာနက်ကွန်ရက် သတင်းအချက်အလက်စင်တာ၏ အစီရင်ခံစာအရ တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူအရေအတွက်သည် ၂၀၂၄ ခုနှစ်တွင် ၇၈ ဒသမ ၆ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ၎င်း၏ ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်မှုကို တွန်းအားပေးသည့် ခေတ်မီနည်းပညာများ ပြည့်နှက်နေသော ကမ္ဘာ့အကြီးဆုံး အင်တာနက်ကွန်ရက်တစ်ခုဖြစ်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၁၃၉၀၈၈၀၀ကျပ်) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၇၃၀၆၁၁)ကိုလည်းကောင်း၊ သီလဝါ ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၉၈၅၁၉၁၁၉ကျပ်) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်သွင်းကုန်၌ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၄၇၉၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၇၂၀၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်ထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၅၂၅၉၆၂၅ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေ ၅၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၃၆၄၉၄၅ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေး စခန်း၌ မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၃၄၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ကျောက်ပန်းတောင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၁၀၈၃၈၄၉ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၀၀၈၁၈၃၂၉ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၀၆၀ တန်၊ သစ်မာ သုည ဒသမ ၀၉၃ တန်၊ အခြားသစ် သုည ဒသမ ၉၂၉ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၄၂၇၂၃ ကျပ်ကို သိမ်းဆည်းရမိ ခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀(ခန့်မှန်းတန်ဖိုးငွေ ၅၇၃၄၂၅၉၉၇ကျပ်)ကို သိမ်းဆည်းရမိခဲ့ သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက် နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခု ထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၇ ဒသမ ၃၄၅၀ တန်၊ သစ်မာ ၁၀ ဒသမ ၃၉၄၄ တန်၊ အခြား ၂၂၂ ဒသမ ၄၈၂၀ တန် စုစုပေါင်း ၂၅၀ ဒသမ ၂၂၁၄ တန်၊ ယာဉ်/ ယန္တရား ငါးစီး၊ တရားခံ ၂၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တော ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဆီစက်ဂိုဒေါင် မီးလောင်ပျက်စီးဟု မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော် ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၉ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ကျေးရွာအတွင်းရှိ ဆီစက်ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူ




တစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့်ဒေသခံ ပြည်သူများနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်များအတွင်း မည်သည့် ပစ်ခတ်မှုမှ လုပ်ဆောင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများ ကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ အကြောက်တရားများ လွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာမှ နေအိမ်များ မီးလောင်ပျက်စီးရကြောင်း နှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံ ရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လုပစ္စာပုံဖော်ထုဆစ်ထားသလ္လာမြေမှသဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ
- ၀၉:၁၀ NRC အစီအစဉ်
- ၀၉:၃၅ ရိက္ခာပြည့်ပြီးဝင်ငွေတိုးပုလုံကြွယ်ဝသားငါး ကဏ္ဍာပြည်လုံးပြန့်ပွားခရမ်းငါး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ထိန်းသိမ်းလို့ကာကွယ်ပါ...သဘာဝ၏ရတနာ အင်းလေးကန်သာ
- ၁၁:၃၀ NEXT LEVEL
- ၁၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၁၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၆)
- ၁၅:၄၀ မျိုးဝက်တင့်စေဆိုကရေးတီးအဖွေ
- ၁၆:၄၅ ဝင်ငွေတိုးတဲ့ပီလောပီနံ
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသဂင်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၇)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:11 Shwezigon Pagoda
- 07:36 Pwe Kauk Waterfall Resort (BE. FALLS)
- 07:47 Sarus Crane in Myanmar
- 08:01 News
- 08:26 Tha Khut Flowers Salad (Rakhine Style)
- 08:39 Ramayana Classic Talk & Discussion (Episode-3)
- 09:01 Moe Ma Kha Elephant Camp (Ngwe Saung)
- 09:22 Popsicle Sticks Art Creator
- 09:36 Star Bean Production
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်

**ပအိုဝ်း (၁၀:၀၀ မှ ၁၁:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ထူးကဲအရသာကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ဆောင်းတွင်းမှာတစ်မူထူးခြားပြီးသာယာလှပတဲ့ဖလမ်းမြို့

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ညီမွန်းယွန်းနှင့်တွေ့ဆုံခြင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ CES နည်းပညာပြပွဲ ၂၀၂၅
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- ၁၀:၀၀ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၁)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ သုတပဒေသာစိုက်ပျိုးနည်းပညာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Family Farmers-the Future of Asia and the Pacific
- ၁၈:၅၀ Sri Lankan Organic Agriculture Documentary
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ လုတောသားနှင့်ယောက္ခမလောင်း(ဇာတ်လမ်း)
- ၂၂:၀၀ New Year Blue (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ ယူ(၂၁)အမျိုးသားဘောလုံးပြိုင်ပွဲ (Replay) Nay Pyi Taw Vs Mandalay

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ဟိုတယ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်တည်ဆောက်ခွင့်ပြု ၁၅ ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင် အသစ် ၁၄ ခု၊ အဆင့်မြင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အသစ် သုံးခု၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်အသစ် ၂၇ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်အသစ်သုံးခု၊ ဒေသဆိုင်ရာဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင် ၅၅ ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း ၄၀၊ အဆင့်မြင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းအတွက် ခွင့်ပြုကိုးခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း ၃၃ ခု၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်သက်တမ်းတိုးခြင်း ၈၃ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဓိကအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူများ၊ ဟိုတယ်လုပ်ငန်းနှင့် ဆက်စပ်သူများ၊ စားသောက်ဆိုင်များနှင့်ပါ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်တွင်းသာမက ပြည်ပမှ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များကို ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တက်ရောက်လာသော ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ပြီး ဆွေးနွေးချက်များအပေါ် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဆွေးနွေးပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❋ MFF မှ

အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး 7 Dragon အသင်းက ၁၃ မှတ်၊ JZ Yangon အသင်းက ၁၂ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၀ မှတ်စီ၊ KKY အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ YCDC Marga Youth အသင်း၊ Gold Dream အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ Maryar အသင်းက ငါးမှတ်၊ 7 Brother အသင်းက သုံးမှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်**

# သံစဉ်ချိုမြရာမညအလှ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများဖြင့် ဆန်းသစ်တင်ဆက်မှုတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် ခုနစ်ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပွဲစဉ်(၅)ဖြစ်သည့် သံစဉ်ချိုမြရာမညအလှ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၄ ရက် (သောကြာနေ့)ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မွန်တိုင်းရင်းသား/တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် နိုင်ကျန်ရစ်၊ နိုင်ဇဲ့ဟန်မွန်၊ မင်းအောင်ထူး၊ မင်းသဏ္ဍ၊ မနိုက်စွမ်း၊ မိမြသန်း၊ ပဠဝီ၊ ဂီဂီနွန်နှင့် မိနွန်ထောတို့က မွန်တိုင်းရင်းသားတို့၏ အမျိုးဘာသာ၊ စာပေအနုပညာ၊ ယဉ်ကျေးမှုများအပေါ် ချစ်ခင်မြတ်နိုးထိန်းသိမ်းမှု၊ လည်ပတ်စရာကောင်းမွန်သည့် ရာမညမြေ၏သာယာလှပမှုတို့အား မွန်ရိုးရာ သံစဉ်များနှင့် ပေါင်းစပ်ဖော်ကျူးထားသည့် တေးသီချင်းကောင်းများကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ မွန်၊ ဗမာ နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇန်နဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သရက်မြို့၌ ကျောင်းကျန်းမာရေး ကော်မတီအစည်းအဝေး ကျင်းပ

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ခရိုင်/မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အစည်းအဝေးကျင်းပခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကလေးအရာရှိ (ကျောင်းကျန်းမာ) ဒေါ်စန်းစန်းသင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်သူများ၏ ဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# ကိုယ့်ပစ္စည်း ကိုယ်နှမြောတာ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၁၀-၁-၂၀၂၅ ရက်နေ့မှအဆက်)

ဝိပဿနာဉာဏ်ရဲ့အာရုံ၊ ရုပ်နာမ် ဓမ္မ သင်္ခါရဆိုတဲ့ ဓမ္မအာရုံမျိုးစုံက ဝိပဿနာစိတ်မှာ ထင်ရှားရင် ဝိပဿနာဉာဏ် အသိတက်ပါတယ်တဲ့။

မြင်တဲ့အခိုက် မြင်တာလေးကို ဂရုစိုက်၊
ကြားတဲ့အခိုက် ကြားတာလေးကို ဂရုစိုက်၊
သိတဲ့အခိုက် သိတာလေးကို ဂရုစိုက်။

ကိုယ့်စိတ်ထဲမှာသဘောမကျရင် သဘောမကျတာလေးကို ဂရုတစိုက်နဲ့ကြည့်၊ သဘောကျရင်လည်း သဘောကျတဲ့စိတ်လေးကို ဂရုတစိုက်ကြည့်။

အခုလို တိုးတိုးလေး တရားစကားကို ပြောပေးနေတဲ့အခါ နားက ကြားသိနေတာက သက်သက်၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာက သက်သက်ဆိုတာ သိလာပါလိမ့်မယ်၊ သတိဝီရိယ ဉာဏ်နဲ့ ကိုယ့်အလုပ်ကို တိုးပွားအောင် ကိုယ်ပဲလုပ်နေရပါတယ်။

အရင်တုန်းက နားထောင်ချင်လို့ ကြားတာ။
အခုက ကြားလို့ နားထောင်နေတာ။
နားထောင်လို့ သိတာက သတိထားလို့ရတယ်။
ကြားလို့သိတာက သတိရှိလို့ရတယ်။

ကိုယ့်စိတ်လေးဖြစ်နေပုံကို သတိရှိတဲ့အခါ ထင်ထင်ရှားရှား သိနိုင်တယ်။ အသိဉာဏ်နဲ့လည်း သေသေချာချာ သိလာနိုင်ပါတယ်။

ကိုယ့်ရဲ့စိတ်က မကျေမနပ် ဒေါသတွေဖြစ်နေတယ်။ တရားအားထုတ်လို့မကောင်းဘူး။ စိတ်တွေလွတ်နေတယ်၊ ဒီသဘောတွေဖြစ်နေတာကိုလည်း သတိရှိရင် သိနေတယ်။ ကြည့်ပေါ့။ သတိရှိလို့ အသိဉာဏ်တိုးရင် ဒီသဘောတွေကို အသေအချာ သိလာနိုင်ပါတယ်။

အခုလို တရားအားထုတ်တာကလည်း သူတော်ကောင်းဖြစ်အောင် အားထုတ်ကြတာပါပဲ။ အခု ပြောပေးနေတာကလည်း သူတော်ကောင်းဖြစ်စေချင်လို့ ပြောပေးတာပါပဲ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး အလောင်းတော်ဘဝတုန်းက အဲဒီနှစ်မျိုးတည်း သစ္စာဆို အဓိဋ္ဌာန်ပြုခဲ့တာမဟုတ်ပါဘူး။ နောက်ထပ် သစ္စာဆို အဓိဋ္ဌာန်ပြုခဲ့တာတွေလည်း ရှိပါသေးတယ်။ မဟာပထဝီမြေကြီးကို လက်ကကိုင်ပြီး မျက်နှာကိုသုတ်တယ်။

"ဖြစ်လေရာဘဝတိုင်းမှာ မေတ္တာစျာန်ဝင်စားပြီးတော့ သတ္တဝါအနန္တတို့ကို မေတ္တာနဲ့ပဲ နေပါတော့မယ်" တဲ့။

ကဲ-ဉာဏ်နဲ့ စဉ်းစားကြည့်လိုက်ပါဦး၊
ဒါ သူတော်ကောင်းစိတ်ဓာတ်တွေပါ။
နောက်တစ်ခု ရှိပါသေးတယ်။
မဟာပထဝီမြေကြီးကို လက်ကကိုင်ပြီးတော့၊ မျက်နှာကို မြေကြီးနဲ့ပွတ်သပ်ပြီးတော့ -

"ရဟန္တာ မဖြစ်မချင်း ဘယ်သူ့ကိုမှ စိတ်မဆိုးတော့ပါဘူး"တဲ့။

အဲဒီလို သစ္စာဆို အဓိဋ္ဌာန်ပြုတာဟာ အရှင်မြတ်ကြီးရဲ့ အလောင်းတော်ဘဝတုန်းက ကောင်းမြတ်တဲ့ စိတ်ဓာတ်တော်ကြီးရဲ့ ပြယုဂ်ပါပဲ။



ကြည်ညိုလိုက်တာ၊ ကြည်ညိုစရာကောင်းလိုက်တာ။

သာမန်လူတွေအတွက် တချို့က အရက်မသောက်ဘဲ နေလို့ရချင်ရမယ်။ တချို့က မေတ္တာပွားပြီးနေလို့ရချင်ရမယ်။ တချို့က သူများကို မချစ်မခင်နေလို့ရချင်ရမယ်။ သူတော်ကောင်းစိတ်ဓာတ်ကောင်းကြီးတွေနဲ့ပေါ့။

တချို့ တချို့ ဒေါသအားသန်တဲ့သူများကျတော့ စိတ်မဆိုးဘဲကို မနေနိုင်ကြပါဘူး။ "ဘယ်သူ့ကိုမှ စိတ်မဆိုးတော့ပါဘူး" ဆိုတဲ့ သစ္စာအဓိဋ္ဌာန်ပြုချက်ဟာ ကြည်ညိုစရာကောင်းလွန်းလိုက်တာ။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက "ဘယ်သူ့ကိုမှ စိတ်မဆိုးတော့ဘူးတဲ့။ ပါရမီဖြည့်စဉ် ဘဝကတည်းကစပြီးတော့ ရဟန္တာမဖြစ်မချင်း ဘယ်သူ့ကိုမှ စိတ်မဆိုးတော့ဘူး" လို့ သစ္စာအဓိဋ္ဌာန်ပြုထားခဲ့တာပါ။

အတုယူရမယ်။

အတုလိုက်ပြီး ကျင့်ရမယ့် သူတော်ကောင်းတွေရဲ့ အကျင့်တွေပါ။

အသိဉာဏ်ရှိလို့သာ ဒီလို သစ္စာဆိုနိုင်တာ။ ဒီလို အဓိဋ္ဌာန်တွေ ဆောက်တည်နိုင်ကြတာပါ။ သူတော်ကောင်းကြီးတွေကို အတုယူပြီး အဲဒီလို သစ္စာအဓိဋ္ဌာန်ပြုနိုင်အောင် အတုလိုက်ပြီး ကျင့်ကြစေချင်ပါတယ်။ မိမိလည်း ကျင့်နိုင်အောင်ကို ကျင့်ရမှာပါ။

သတိဉာဏ်ရှိလို့သာ ဒီလို သူတော်ကောင်းစိတ်ဓာတ်တွေနဲ့ သူတော်ကောင်းအကျင့်တွေကို ကျင့်တော်မူနိုင်ကြတာပါ။ အတုယူပြီး အတုလိုက်လို့ ကျင့်နိုင်ကြတာပါ။

ဒီလိုအသိတွေနဲ့ ဒီလိုကျင့်ကြံမှုလည်း သတိတွေ၊ ဉာဏ်တွေ၊ ဝီရိယတွေ၊ သမာဓိတွေ ပိုမိုအားကောင်းလာစေနိုင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဋ္ဌေ့သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ကံအကျိုးပေးအစဉ်၊ နေ့စဉ်ပြုကံ




(၁၀-၁-၂၀၂၅ ရက်နေ့မှအဆက်)

## ကံအကျိုးပေးအစဉ်

ထိုဂရုကံကြီးများမရှိခဲ့သော် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို ဧကန်ပေးမည့်ကံသည် "အာသန္နကံ" ပင်ဖြစ်သည်။

အာသန္နကံဟူသည် သေခါနီးကျခါမှ ကပ်ပြီး ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံမျိုးဖြစ်သည်။ ကုသိုလ်အရာ၌ အချို့သေခါနီးကာလဝယ် ဆွမ်းကျွေး၊ ပရိတ်နာ၊ ရေလှူ၊ ပန်းလှူ စသည်ကို ပြုလုပ်ကြလေသည်။

အကုသိုလ်အရာ၌ ထိုးရင်း၊ သတ်ရင်း၊ ပုတ်ရင်း နှင့် သေသွားရသူများဖြစ်က ထိုထိုးခုတ်သတ်ဖြတ်သော အကုသိုလ်ကံများသည် "အာသန္နကံ"ပင် ဖြစ်သည်။

တစ်ခါ အာသန္နကံအရတွင် အခုသေခါနီးကျမှ ကပ်လုပ်သည့်ကံမဟုတ်ဘဲ ဟိုး အရင့်အရင်က ပြုလုပ်ခဲ့သောကံများကို အခုသေခါနီးမှ ပြန်လည်သတိရတတ်သည်လည်းရှိသေးသည်။ ထိုသို့ပြန်လည်သတိရပါက ထိုပြန်လည်သတိရသော ကံမျိုးကိုလည်း အာသန္နကံဟုပင် ခေါ်ရလေသည်။

သို့ဖြင့် အချို့ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်များသည် သေခါနီးပုဂ္ဂိုလ်၏ ဒုတိယဘဝ၌ သန္ဓေကောင်းနေနိုင်အောင် အရင် ထိုပုဂ္ဂိုလ်ပြုလုပ်ခဲ့ဖူးသော "ဒါနကုသိုလ်၊ သီလကုသိုလ်"များကို ပြန်လည်ပြောပြပေးနေတတ်သည်။ ထိုအခါ သေခါနီးပုဂ္ဂိုလ်သည် ထိုသူလုပ်ခဲ့ဖူးသော ကုသိုလ်ကံများကို ပြန်လည်အမှတ်ရရင်း စုတိစိတ်ကျသွားပါက နောက်ဘဝ၌ သန္ဓေကောင်း ဖြစ်ကြရလေသည်။

အချို့လည်း အရင်က သူစိတ်လိုက်မာန်ပါလုပ်ခဲ့သော သတ်ဖြတ်ညှဥ်းဆဲ၊ ခိုးဆိုးတိုက်ခိုက်သော ကံများ ပေါ်လာတတ်ပါသည်။ ထိုသို့ပေါ်လာရင်း စုတေသွားပါက နောက်ဘဝ သန္ဓေသည် မတွေးဝံ့စရာဖြစ်တတ်သည်။ ထိုသို့ပေါ်လာနေပါက ထိုကံဆိုးများ ပျောက်အောင် ဘေးကနေ အကူအညီပေးတတ်ရသည်။

ဤ၌တွင် စဉ်းစားစရာဖြစ်လာသည်က တစ်သက်လုံးကောင်းကံရော၊ မကောင်းသည့်ကံရော တရစပ်လုပ်လာပါလျက် အခု သေခါနီးကံက ထိုတစ်သက်လုံးလုပ်ခဲ့သော ကံတွေထက် အားကောင်းပြီး 'သန္ဓေကျိုး' ပေးရသလော ဟူသောအချက်ပင် ဖြစ်သည်။

ထိုအချက်ကို အင်္ဂုတ္တိုရ် အဋ္ဌကထာက နွားခြံတွင်းသို့ အားမရှိ၍ နောက်ဆုံးကမှ ဝင်အိပ်ရသော နွားအိုကြီးနှင့် ဥပမာပေးသည်။ နွားအိုကြီးသည် အားကောင်းမောင်းသန် နွားများနောက်ကမှ ခြံတွင်းဝင်ရသော်လည်း မနက်ဘက်ခြံကထွက်သော် အရင်ဆုံးထွက်ရသကဲ့သို့ဖြစ်သည်ဟု ဥပမာပေးသည်။

မည်သူမဆို သေခါနီးအခါ၌ စောသော 'မရဏာသန္နဇော'၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူသော နိမိတ်သုံးပါးတွင် တစ်ပါးပါး ထင်ရစမြဲဖြစ်သည်။ ထိုထင်လာသောနိမိတ်မှာလည်း ဒုတိယဘဝ၌ ဧကန် ပဋိသန္ဓေအကျိုးကို ပေးတော့မည့်ကံ၏အစွမ်းကြောင့် ထင်လာရခြင်းဖြစ်သည်။

ထို့ကြောင့် ဤဘဝနှင့်ပင်အဆုံးသတ်ပြီး နိဗ္ဗာန်ရွှေပြည်သို့ ဝင်နိုင်လျှင်ဝင်၊ မဝင်နိုင်သေးပါက အခြားမဲ့ဘဝ (နောက်ဘဝ)၌ သန္ဓေကောင်းကောင်းနှင့် ဘဝသစ်ထူနိုင်အောင် သတိရှိဖို့ အမှန်လိုအပ်ပေသည်။

## နေ့စဉ်ပြုကံ

ကျွန်တော်တို့ ကံနှင့်ပတ်သက်၍ လေ့လာနေရာ ယခုအခါ ဂရုကံ၊ အာသန္နကံတို့၏အကျိုးပေးပုံကို အကျဉ်းဖော်ပြ၍ ပြီးလေပြီ။

နေ့စဉ် ကံကိုသာလုပ်နေကြရသည်ဖြစ်ရာ ကံနှင့်ကင်းလို့မဖြစ်နိုင်ပေ။ လုပ်သမျှသော အကြောင်းကံကြောင့် နောက်ဘဝ၌ ကံ၏အကျိုးကို ခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် ထိုကံသည် ကျွန်တော်တို့အဖို့ အလွန်အရေးကြီးလှပေသည်။

ယခု ဆက်လက်လေ့လာရမည့်ကံမှာ အာစိဏ္ဏကံနှင့် ကဋတ္တာကံတို့ပင်ဖြစ်သည်။ ထိုနှစ်မျိုးအနက် အာစိဏ္ဏကံဟူသည် နေ့စဉ် ကျွန်တော်တို့ ပြုလုပ်နေသည့်ကံမျိုးဖြစ်သည်။

ဥပမာ သူ့အသက်သတ်မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသူဖြစ်က နေ့စဉ်သတ်ဖြတ်နေသောကံသည် အာစိဏ္ဏကံပင်ဖြစ်သည်။ အာစိဏ္ဏကံ၏အဓိပ္ပာယ်မှာ နေ့စဉ်လေ့ကျက်နေမှု၊ အလေ့အလာများမှုကို ခေါ်ခြင်းဖြစ်သည်။

တစ်ခါ ကောင်းရောင်းကောင်းဝယ်နှင့် လုပ်ကိုင်စားသောက်သော ကံများ၊ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း စသော အမှုများသည် ကောင်းသော အာစိဏ္ဏကံများပင် ဖြစ်သည်။

ဤအာစိဏ္ဏကံသည် ကျွန်တော်တို့အဖို့ နေ့စဉ် လက်ပွန်းတတီး လုပ်နေကျကံများဖြစ်သည့်အပြင် သေခါနီးကျမှ ပြုလုပ်ရသော "အာသန္နကံ"ထက် စွမ်းအားရှိပေသည်။

သို့သော် နောက်ဘဝ၌ ပဋိသန္ဓေကောင်းကောင်းနှင့် ပဋိသန္ဓေနေနိုင်မှုအရေးတွင် ဤအာစိဏ္ဏကံထက် အာသန္နကံက ပိုပြီး အရေးပါအရာရောက်လို့သာ အကျိုးပေးမှု၌ အာသန္နကံပြီးမှ အာစိဏ္ဏကံ အကျိုးပေးခွင့်ရသွားခြင်းဖြစ်သည်။

သို့ဖြစ်၍ သေခါနီးကျမှဖြစ်ရသည့် အာသန္နကံ မရှိသည့်အခါ ဤနေ့စဉ်လုပ်သော အာစိဏ္ဏကံများက နောက်ဘဝ၌ ပဋိသန္ဓေအကျိုးပေးမည်ဟု မှတ်ရပေမည်။

တစ်ခါဖြစ်နိုင်သည်က ဤအာစိဏ္ဏကံသည်ပင် သေခါနီးအခါ၌ အာသန္နကံအဖြစ်သို့ ရောက်သွားရသည်လည်းရှိသေးသည်။

သေခါနီးကာလဝယ် ဘဝကူးကောင်းစေရေးအတွက် အနားမှလူများက အရင်ကလုပ်နေကျ ဒါနကံ၊ သီလကံ စသည်တို့ကို ပြန်လည်သတိရအောင် ပြောပေးနေခြင်းဖြင့် အာစိဏ္ဏကံသည် အာသန္နကံအဖြစ်သို့ ရောက်သွားရခြင်းဖြစ်သည်။

ယခု ဖော်ပြပြီးသော ဂရုကံ-ကြီးလေးသောကံ၊ အာသန္နကံ-သေခါနီးကျမှ ဖြစ်သောကံ၊ အာစိဏ္ဏကံ-နေ့စဉ် အလေ့အကျင့်ပြုလာသောကံများ အစဉ်အတိုင်းအကျိုးပေးဖို့ မရှိခဲ့သော် ကဋတ္တာကံဟူသော အမှတ်တမဲ့ပြုသည့်ကံများက အကျိုးဝင်ပေးသည်။

ကဋတ္တာကံဟူသည် အမှတ်တမဲ့ ပြုသောကံများဖြစ်သည်။ ဥပမာ ကြက်ကလေး၊ ခွေးကလေး စသည်ကို အစာကျွေးမွေးသည့်ကံမျိုးလို ကံဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ကံနှင့် မကင်းနိုင်ရကား ကျွန်တော်တို့ မကင်းရာမကင်းကြောင်းဖြစ်သောကံတို့၏ အကြောင်းအချက်ကို အထိုက်အလျောက်လေ့လာထားပြီး ကိုယ့်အတွက်ကောင်းကံများပြုလုပ်မိအောင် အမြဲသတိပြုသွားသင့်ပေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်ကပ်ချီးမြှင့်အပ်နှင်း

**ဘားအံ ဇန်နဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းရာတွင် ပါဝင်ခဲ့သော ကရင်ပြည်နယ်မှ ဆရာတော်ကြီးနှစ်ပါးအား ယနေ့မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က သီရိပျံ့ချီ ဂုဏ်ထူးဆောင်ဘွဲ့ကို ဆက်ကပ်ချီးမြှင့်အပ်နှင်းသည်။



ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်ခြင်းမင်္ဂလာအခမ်းအနားသို့ မြိုင်ကြီးငူနန်းဦးဘေးမဲ့ကျောင်းတိုက် ဦးစီးပဓာန နာယက ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိက၊ လမင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် သီရိပျံ့ချီဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ၊ ဆရာတော်ကြီးများ၏ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေး စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်တော်မူခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်မှ ချီးမြှင့်သည့် သီရိပျံ့ချီဂုဏ်ထူးဆောင်ဘွဲ့ရရှိသော မြိုင်ကြီးငူနန်းဦးဘေးမဲ့ကျောင်းတိုက် ဦးစီးပဓာန နာယက ဒုတိယမြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တဉာဏိက နှင့် လမင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒတို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ဆက်ကပ်အပ်နှင်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ ဒါယိကာမများက ဆရာတော်ကြီးနှစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၂**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၅ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၈၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၃ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ခုနစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

ကျွန်မအသက်က ၇၇ နှစ်ရှိပါပြီ။ မျက်စိဝေလို့ လာပြတာပါ။ သွေးတိုးလည်းရှိလို့ လာပြတာပါ။ မျက်စိခွဲစိတ်ကုပေးတယ်။ နား၊ နှာခေါင်း၊ လည်ချောင်းတွေလည်း ကုပေးပါတယ်။ ကလေးအထွေထွေ ရောဂါအတွက်လည်း ကုသပေးပါတယ်။ ကြက်ခြေနီတွေကလည်း တော်ပါတယ်။ တွဲခေါ်ပြီး လိုက်ပို့ပေးတာပါ။ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်။ အသက်ရာကျော်ရှည်ကြပါစေ၊ ဘုန်းကြီးကြပါစေ။

ကျွန်မ အခုမျက်လုံးခွဲထားတာ ခြောက်လရှိပါပြီ။ နောက်ဆုံးလုံးခွဲတာပါ။ အဲဒီခြောက်လရှိတဲ့ အခါမှာ မျက်စပ်တွေနာလို့ အခုလာပြတာဖြစ်ပါတယ်။ ဆီးချိုလည်းရှိလို့ အဲဒါလည်းပြတာပါ။ နယ်လှည့်ဆေးကုသတဲ့ အဖွဲ့တွေ ရောက်မယ်ဆိုလို့ ကျေးရွာဥက္ကဋ္ဌက ကြေညာလို့ သိရပါတယ်။ ကိုယ့်မှာ ဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေကို ကုသပေးတဲ့အတွက် ဆေးပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီသင်္ဘောကြီးမှာလာပြတာ ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ တစ်နှစ်ကို လေးငါးကြိမ်လောက် လာစေချင်ပါတယ်။ ဝေဒနာဖြစ်နေတဲ့သူတွေဟာ အခုလိုဆေးခန်းကြီး လာဖွင့်ပေးတာကို အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**







# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၁၄၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ခြောက်ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၁၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ တစ်ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၀ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာတစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ချောက်မြို့၌ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ



**ချောက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးဇင်မျိုးသန့်က မီးဘေးလုံခြုံရေး အသိပညာပေး ဆောင်ရွက်ရမည့် အချက်များ၊ မီးလောင်မှုအခြေခံ သဘောတရားများ၊ မီးငြိမ်းသတ်ခြင်းနည်းစနစ်များ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အကြောင်းရင်းများနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ် မဖြစ်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

**ဆောင်ရွက်ခဲ့**

ထို့နောက် မီးသတ်တပ်ဖွဲ့များက ကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်ခြင်း၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ မီးငြိမ်းသတ်စေခြင်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ် သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ဟသ်ာတမြို့ ရွှေလမင်းဆေးရုံကြီး၌ အရေးပေါ် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်

**ဟသ်ာတ ဇန်နဝါရီ ၂၂**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ယနေ့ မွန်းလွဲ ၃ နာရီက ရွှေလမင်း အထူးကုဆေးရုံကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် အရေးပေါ် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ပွဲကို ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ဟသ်ာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးလောင်ခြင်း အကြောင်းရင်းများနှင့် အရေးပေါ်မီးလောင်မှု ဖြစ်ပွားပါက မီးငြိမ်းသတ်ရေး ပစ္စည်းများ စနစ်တကျ ကိုင်တွယ်ငြိမ်းသတ်နိုင်ရေး နည်းလမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရွှေလမင်းအထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ တင်ထွန်းအောင်က မိမိတို့ဆေးရုံကြီး၌မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် တပ်ဆင်ထားသော မီးဘေး ကြိုတင်ကာကွယ်ရေး ပစ္စည်းများ၊ မီးသတ်ဆေးဘူးများ အသင့် တပ်ဆင်ထားရှိမှုတို့ကို ရှင်းလင်း ဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီး ဌာနမှ တာဝန်ရှိသူများက ဆီမီးလောင်စာ ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ် မီးငြိမ်းသတ်နည်းများကို ဆေးရုံ ဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**စစ်ဆေးဆောင်ရွက်ခဲ့**

ထိုသို့စစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များတွင် မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း/မကောင်း၊ သက်တမ်းလွန် မီးသတ်ဆေးဘူးများ ရှိ/မရှိ၊ မီးသတ်ရေလှောင်ကန်များ၌ ရေများ အရန်သင့်စုဆောင်းထားရှိမှု ရှိ/မရှိ၊ အပေါ့စားမီးငြိမ်းသတ်စက်များ အရန်သင့်ထားရှိခြင်း ရှိ/မရှိ၊ စက်သုံးဆီသိုလှောင်ကန်များ၌ စက်သုံးဆီများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချပေးနေမှုများကို စစ်ဆေးဆောင်ရွက်ပြီး တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဖြည့်တင်း ဆောင်ရွက်ရန် မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင် (ပြန်/ဆက်)**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရပ်ကွက်များအတွင်း မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် သတိပေးဆောင်ရွက်မှုများကို ဇန်နဝါရီ ၂၁ ရက်က ဆောင်ရွက်ကြစဉ်။

မောင်ကောင်း



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ လုပ်သားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက အခြေခံမော်တာ စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က အလုပ်သမား ဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ထောင်ထားကြောင်း၊ သင်တန်းကျောင်းများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ခြင်း၊ ဂဟေဆက်၊ ယာဉ်ပြုပြင်ခြင်း၊ စားသောက်ဆိုင် ဝန်ဆောင်မှု၊ ဆိုလာတပ်ဆင်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်းနှင့် အထည်ချုပ် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဆောက်လုပ်ရေး လုပ်ငန်းနှင့် သက်ဆိုင်သည့် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မြောက်ဒဂုံ)တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အခြေခံမော်တာ စက်ချုပ် သင်တန်းကို သင်တန်းသား ၆၇ ဦးဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲမှ သင်တန်းနည်းပြ ဆရာနှစ်ဦး၊ ပြင်ပမှ သင်တန်းနည်းပြ ဆရာတစ်ဦးတို့က သင်တန်းသား ၄၀ ကို ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ သုံးပတ်ကြာ ဖွင့်လှစ်ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**




## အာဆီယံကလပ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲထပ်မံကြုံတွေ့

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၂၄-၂၀၂၅ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ် (၄)အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းတို့ ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ BG ပါသွန်ယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး မိနစ် ၆၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ၆၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပေးလိုက်ရပြီး ဂိုးများဆက်တိုက်ခွင့်ပြုလိုက်ရသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသား ကစားသမားလေးဦးအပါအဝင် ပြည်တွင်းအမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး BG ပါသွန်ယူနိုက်တက်အသင်းကလည်း ထိုင်းနာမည်ကြီး ကွင်းလယ်တိုက်စစ်ကစားသမား ချာနာသစ်ဆောင်ခရာဆင်အပါအဝင် စင်ကာပူလက်ရွေးစင် ဖန်ဒီအာမက် ညီအစ်ကိုနှစ်ဦး၊ နိုင်ငံခြားသားကစားသမားများဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ရင်တာရိုက ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူသော်လည်း VAR ကြည့်ပြီး ပြန်လည်ပယ်ဖျက်ခံရသည်။ သို့သော် မိနစ် ၃၀ တွင် ဘာကာယိုကိုက အဝေးကန်ချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် VAR ပြန်ကြည့်ပြီး BG ပါသွန်ယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရရှိကာ အယ်လ်ဗာရက်ဇ်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် BG ပါသွန်ယူနိုက်တက်အသင်းက ပွဲကိုစိုးမိုးသွားပြီး ၇၉ မိနစ်တွင် ရာနီရယ်လ်၊ ၉၀+၉ မိနစ်နှင့် ၉၀+၁၃ မိနစ်တွင် ဆူဆန်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းက လေးပွဲကစား ရှစ်မှတ်ရထားပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစား အမှတ်မရသေးပေ။

**ကိုညီလေး**


တို့ပြည်ထောင်စုတိုင်းရင်းသားများ
ညီညွတ်စွမ်းအား ပြည့်ခွန်အား

# မုံရွာမြို့နယ်၌ ခရမ်းချဉ်သီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ရ

မုံရွာ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဗုံတို၊ ဘုမ္မနိုး ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးကြ၍ စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီးနှစ်လခန့်အကြာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အသီးများခူးဆွတ်ရောင်းချရကြောင်း၊ ထိုင်ဝမ်မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကိုပျိုးပေါင်ဖြင့် ပျိုးထောင်ပြီး ပျိုးပင်တစ်လသားအရွယ်ခန့်တွင် စတင်စိုက်ပျိုးရကြောင်း၊ ခရမ်းချဉ်သီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုး၍ မျိုး၊ မြေပြုပြင်ခ၊ ရေတင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ခရမ်းချဉ်သီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၃၅၀-၄၀၀ ခန့်ထွက်ရှိ၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုလာကြောင်း၊ ခရမ်းချဉ်သီးနှံကို စတင်ခူးဆွတ်ချိန်မှ သီးနှံကုန်ချိန်အထိ တစ်ဧကလျှင် စုစုပေါင်းအထွက်နှုန်းမှာ ပိဿာချိန် ၄၀၀၀-၅၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများသို့ ရောင်းချသည့်အပြင် မုံရွာမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရသည်။



သတင်းရင်းမြစ်- စီးပွား/ကူးသန်း

# ကျောက်ဆည်ခရိုင်အတွင်း နေလှည့်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

ကျောက်ဆည် ဇန်နဝါရီ ၂၂



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်သည် အပူပိုင်းဒေသဖြစ်သည့်အတွက် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သော နေလှည့်ပင်များသည် ယခင်က အလေ့ကျပေါက်ရောက်ပြီး ယခုအခါတွင် တောင်သူများက မြေလွတ်မြေရိုင်းများပေါ်တွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

နေလှည့်ပင်များကို ဩဂုတ်လတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ယက်၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့သုံးပြည်ခန့်ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် နှစ်သိန်းခန့်ကုန်ကျကြောင်း၊ နေလှည့်သီးများရင့်မှည့်ချိန်တွင် အပင်အောက်ခြေမှ အကိုင်းများကိုခုတ်ယူ၍ အကိုင်းများမှအသီးများကို တုတ်ဖြင့်ရိုက်ခြွေရကြောင်း၊ နေလှည့်ပင်စိုက်ပျိုးမှုတွင် ကနဦးစိုက်ပျိုးသည့်စရိတ်သာကုန်ကျပြီး ကျန်နှစ်များတွင် အဆိုပါအငုတ်များမှ ပြန်လည်ထွက်လာသည့်အတက်မှ နေလှည့်သီးများကို ထပ်မံရယူရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် နေလှည့်စေ့ ၆-၇ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေလှည့်စေ့များကို ကျောက်ဆည်မြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့တို့သို့တင်ပို့ကြောင်း၊ နေလှည့်စေ့ကိုကြိတ်ခွဲ၍ အဆီထုတ်ကာ တိုင်းရင်းဆေးအဖြစ်အသုံးပြုကြောင်း၊ နေလှည့်ပင်သည် မြေလွတ်မြေရိုင်းများပေါ်တွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရသဖြင့် ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေများစွာရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

# ဆိပ်ဖြူမြို့နယ်၌ ပဲစောင်းလျားသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

မကွေး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ပဲစောင်းလျားသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလာကြပြီး အောက်တိုဘာလတွင်စိုက်ပျိုး၍ ဒီဇင်ဘာလတွင် အသီးများစတင်ခူးဆွတ်ရောင်းချရကြောင်း၊ ထိုင်ဝမ်မျိုးများကို မြေအောက်ရေတင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ မြေအမျိုးအစား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နှင့် ချောက်မြို့တို့ရှိကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲစောင်းလျားသီးနှံများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

# မုံရွာမြို့နယ်အတွင်း ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

မုံရွာ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဟူ၍ ရှိပြီး ပင်မြင့်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို တစ်ရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး သက်တမ်းအနေဖြင့်နှစ်လခန့်အထိ ခူးဆွတ်ရကြောင်း၊ မြေအမျိုးအစား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီသီးနှံသည် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဈေးကောင်း ရရှိသည့်အတွက် တောင်သူများအနေဖြင့် အမြတ်ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## ၂၂-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၇၀၀၀ | ၄၄၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၁၅၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၆၀၀ | ၄၀၀၀ | ၁၆၄၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၉၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ ညောင်ဦးလမ်း၊ မြေကွက်အမှတ်(၁၂၄၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးအေးလွင်အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးစိုးမိုးအောင် [၇/ကဝန(နိုင်)၁၄၆၆၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဂီသာ [၇/ဖမန(ပြု) ၀၀၅၄၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်ဝင်းလှိုင်(LL.B)** — **ဒေါ်စန္ဒာလှိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၇)** — **အထက်တန်းရှေ့နေ (စဉ်– ၅၃၀၇၄)**

**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၄၂၀၇၃၆၁၉၊ ၀၉–၇၇၆၃၈၈၇၉၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ ရွှေတောင်လမ်းနေ ဒေါ်မြတ်မြတ်သူ[၁၂/တကန (နိုင်)၀၀၀၉၉၃]၏သားဖြစ်သူ မောင်ခန့်ဘုန်းကို[၁၂/တကန(နိုင်) ၂၃၂၄၆၆]သည် မိခင်ဖြစ်သူနှင့်မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသောကြောင့် (၂၁–၁–၂၀၂၅)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် မောင်ခန့်ဘုန်းကိုနှင့်ပတ်သက်၍ ငွေရေးကြေးရေးပြဿနာများ အပြင် မည်သည့်စီးပွားရေး၊ လူမှုရေးကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ၎င်းပြုလုပ်သည့်ကိစ္စအဝဝတို့သည် ၎င်း၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–** — **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်မြတ်သူ** — **ဒေါ်မေသက်ခိုင်**

**[၁၂/တကန(နိုင်) ၀၀၀၉၉၃]** — **အထက်တန်းရှေ့နေ (စဉ်–၂၉၄၀၈)(၁၁–၁၂–၂၀၀၈)**

**ဥပ္ပုံကျေးရွာ၊ ဥပ္ပုံကျေးရွာအုပ်စု၊ တိုက်ကြီးမြို့။**

**ဖုန်း– ၀၉–၇၉၉၃၃၄၁၁၀၊ ၀၉–၄၃၁၁၄၅၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၃/ကံဘဲ့ ၊ မြေကွက်အမှတ်– ၄၇/ဃ–၁A၊ ဧရိယာ(၀.၂၁၆)ဧက၊ မြေကွက်တည်နေရာအမှတ်–၂၇၇၊ ဓမ္မာရုံလမ်း၊ ၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်ကျင်ကျင်(ခ)ဒေါ်အုံးကျင်(RGN- ၀၀၉၅၉၁)၊ အမည်ပေါက်မြေပိုင်မြေ လ/န.၃(ခ)မြေအား အမည်ပေါက် ဒေါ်ကျင်ကျင်(ခ) ဒေါ်အုံးကျင်(မိခင်)၊ ဦးဆယ်လွင်(ဖခင်)နှင့် မွေးချင်းတစ်ဦးဖြစ်သူ ဦးဇော်ဝင်းလွင် (လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်မာလာလွင် [၁၂/ရကန (နိုင်) ၀၄၆၆၁၈]မှ မိဘများတွင် မိမိတို့သားသမီး (၂)ဦးသာမွေးဖွားခဲ့ပြီး ဦးဇော်ဝင်းလွင်သည် အိမ်ထောင်မရှိလူပျိုကြီးဘဝဖြင့်ပင် ကွယ်လွန်ခဲ့ပြီး မိမိမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း ကိတ္တိမသား/ သမီးအဖြစ်သော်လည်းကောင်း၊ မွေးစားခဲ့ခြင်းမရှိသကဲ့သို့ အခြားသောအမွေဆိုင် တစ်ဦးတစ်ယောက်မှမရှိပါကြောင်း၊ မိမိတို့တစ်ဦးတည်းသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း (၁၁–၁၁–၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အမည်ပေါက်စာချုပ်၊ အိမ်ထောင်စု လူဦးရေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမှားပြင်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊နည်းဥပဒေ– ၁ နှင့် ၅)
## ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(သိမ်ဖြူဘဏ်ခွဲ) နှင့် ဦးရဲလင်းမောင်
(၎င်း၏ကိုယ်စား ဦးစန်းအောင်–
Assistant Vice President)
(တရားလို) — (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် (၉၂–က)နေ တရားပြိုင်ဖြစ်သည့် ဦးရဲလင်းမောင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (MAB Credit Card)ဖြင့် သုံးစွဲခဲ့သည့်ချေးငွေ များရလိုမှု"** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်၊ (၁၃၈၆– ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်) နေ့မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှု လိုသည့် သက်ဆိုင်သော စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရ မည်။ သင်က ထုချေလွှာကို တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းစန္ဒာဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## " ဒေါ်သောင်း [၁၂/ဥကမ(နိုင်)၀၂၄၄၀၄]အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ရော(၂၁)လမ်း၊ မြေကွက်အမှတ် (၁၂၄၁ ဍ)၊ (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် လူကြီးမင်း ဒေါ်သောင်း အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်တို့အား လူကြီးမင်းကိုယ်တိုင်မှ ကျွန်ုပ်တို့၏မိတ်ဆွေအား နှစ်ဦးသဘောတူ မြေကွက်နှင့်အိမ် အပြီးအပိုင်အရောင်း အဝယ်ကတိစာချုပ်ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေသည် အဆိုပါမြေကွက်ကို တရားဝင်အမည်ပြောင်း ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းကို အကြောင်းကြား အသိပေးအပ်ပါသည်။ လူကြီးမင်းအား ဆက်သွယ်ရာတွင် ဆက်သွယ်ရာဖွေ၍ မရရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင် ကြေညာရခြင်း ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နှင်းဆီ (LL.B)** — **ဒေါ်ကြည်ကြည်ထွေး**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၄၁)** — **(LL.B, D.B.L)**

**အမှတ်(၁၈၆)၊ (၂)လွှာ၊ ဗဟိုလမ်း၊** — **တရားလွှတ်တော်ရှေ့နေ**

**ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။** — **(စဉ်–၁၂၃၀၀)**

**ဖုန်း–၀၉–၇၉၄၄၆၇၁၆၅၊ ၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် – ၅ နည်းဥပဒေ – ၂၀)
## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၆

ဦးမင်းစိုး — ဒေါ်စန်းစန်းရီ
နှင့်
တရားလို — တရားပြိုင်

အထက်ပါအမှုမှ တရားပြိုင်ဒေါ်စန်းစန်းရီ(ဘ)ဦးဟန်စိန်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာ၊ ပိတောက်လမ်း၊ အမှတ်(၄၆၃) နေ (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်မှာ

သင့်အပေါ် တရားလို ဦးမင်းစိုးက "ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်"ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရုံးအခွင့်အမိန့် အရ ရှေ့နေဖြစ်စေ၊ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေ ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ် စေ(၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ၊(၁၇)ရက်)၊ ၁၃၈၆ခုနှစ်၊ တပို့တွဲ လဆုတ်(၅)ရက်နေ့ မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့ လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ၊ (၂၂)ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်ဝေစုဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁–၁–၂၀၂၅ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၆)တွင် အထက်တန်းရှေ့နေ ဒေါ်ယုဇနအောင်မှ ထည့်သွင်း ကြေညာခဲ့သော ''အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ပြီးကြောင်း အများသိစေရန်ကြေညာ''တွင် ပါဝင်သော ဒေါ်သီတာဦး အမည်အစား ဒေါ်သီတာမိုး ဟု ပြင်ဆင်ဖတ်ရှု ပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇီအုန်ကုန်းရပ်ကွက်၊ မြေကွက် အမှတ် (၁၆၉) ဇီးအုံကုန်းလမ်းသွယ်–၂၊ (ပေ ၂၀x ၆၀ ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ် ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစောကောင်း မြတ်စိုး [၁၄/မအပ (နိုင်) ၂၄၅၈၉၀]ထံမှ ဒေါ်လှသဇင် [၁၂/ဒလန (ပြု) ၀၀၁၉၅၂] သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း မှန်ကန် သောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနိုင်ဝင်း (LL.B.,D.B.L.,D.I.L.,)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၈၉/၂၀၂၀)**
**ရုံး–အမှတ်(၃၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၈၈၄၇၈**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဦးတင်အောင်၏ သမီး ဒေါ်ခင်နန်းနွယ် [၁၂/ဥကတ (နိုင်) ၁၂၀၄၀၀]၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၇၃၁၂၂၃၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင် သာယာမြို့နယ်၊ယောမင်းကြီးအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၃၀၁) အား ဦးဘုန်းမြင့် [၁၂/အစန(နိုင်) ၁၉၃၄၇၄]ထံမှ ဦးဟန်ဇင်ထွန်း [၅/ ကဘလ (နိုင်) ၁၈၃၃၀၂]က စာချုပ် စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက် အတွင်းအထောက်အထားပြည့်စုံစွာ ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာကေတမြို့နယ်၊ ရေဝတ်လမ်း ၊ သန်လျင်မြို့နယ်၊ မြို့ပတ်လမ်းမပေါ်ရှိ CNGဆိုင်များအား (ပစ္စည်း+လုပ်အားခ) ပုတ်ပြတ် (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၂.၁.၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၅.၂.၂၀၂၅) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက် အလက်များသိရှိလိုပါက ဖုန်းနံပါတ် – ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၂)၊ မြေကွက်အမှတ် (၉၅၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ပေ) ရှိ ဒေါ်ညွန့်ညွန့်ဆွေ AC–043520 အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေက မြို့ပြမြေယာဌာနတွင် အရောင်းမြေပုံမြေရာဇဝင် ထုတ်ယူခြင်း၊ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းတို့ ဆောင်ရွက်လိုပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ မြေအမည်ပေါက် ဒေါ်ညွန့်ညွန့်ဆွေမှ ဆက်သွယ်ပြီး လာရောက်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း– ၀၉–၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၁၂၁၄)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေရှိ ဒေါ်ခင်အိအိဖူး [၁၂/သဃက(နိုင်)၁၇၂၄၇၈]၊ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇)၊ ငွေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော နေအိမ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ခင်အိအိဖူး ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စန်းမူB.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၂၅၇ / ၁၀–၅–၂၀၁၂)**
**အမှတ်–၇၄၂၊ဝေဇယန္တာ(၁၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph: 09–43150382**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၊ မြေကွက်အမှတ်– ၂၁၁/ခ၊ သကမ– ၁/၂၁၁(ခ)၊ လူနေရပ်ကွက်အမှတ်– ၁၀၊ လှိုင်သဇင်လမ်း၊ ဦးလှသိန်းအမည်ပေါက် မြေချပါမစ်၊ ပေ(၂၀x၆၀)မှ ခေါင်းရင်းဘက်အခြမ်း ပေ(၁၀x၆၀)ရှိ တစ်ထပ်တိုက်ခံအိမ်နှင့် မြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နုနုခိုင် [၁၄/ခနဖ(နိုင်)၁၂၄၄၁၉]မှ အဆိုပါမြေကွက်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး ၎င်းမှတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ပြာဖြိုးဝေ [၁၂/ လသယ(နိုင်) ၀၆၇၃၀၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်စိုးမင်း (LL.B) အထက်တန်းရှေ့နေ (စဉ်– ၃၀၅၇၅)**
**အမှတ်– ၁၅၅၊ (၃၇)လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉– ၉၇၅၄၅၁၁၁၅၊ ၀၉– ၇၅၈၃၂၃၀၀၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၁၉/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးစောနိုင် အမည်ပေါက်သည့် တရားဝင်မခွဲစိတ်ရသေးသော ပါမစ်မြေကွက်ကြီးထဲမှ အကျယ်(၁၀x၆၀)ပေနှင့် မြေပို (၅x၆၀)ပေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်ငြိမ်း [၇/ပတန(နိုင်)၀၁၆၁၇၄]+၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေ ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဦးမျိုးနိုင်၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေ"**
**ဦးအောင်နိုင်ထူး (စဉ်– ၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**အမှတ်(၈၃)၊ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 01–385205,09–420088970**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၄၆)ပေါ်တွင် ဆောက်လုပ် ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ဆဋ္ဌမထပ်၊ (၇လွှာ)၊ (ခေါင်းရင်းခန်း+ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ) ခန့်ရှိ တိုက်ခန်း(နှစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးဖြိုးမင်းသော် [၁၃/တကန (နိုင်)၂၅၅၃၅၇]အား ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မေယုံ[၁၃/လရန(နိုင်)၁၀၂၆၉၁]နှင့် ဦးသန်းလှိုင် [၁၂/ လမတ(နိုင်)၀၀၀၄၀၅]တို့မှ တိုက်ခန်းများရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းများကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စိုးစိုးမြင့် LL.B** — **ဒေါ်အိဖြိုးဇင် LL.B,DBL**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၆၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၇၅)**

**ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** — **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀**

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇-အရှေ့)ရပ်ကွက်၊ သစ္စာရှင်လမ်း၊ မြေကွက်အမှတ် (၈၉၀)A၊ မြေအကျယ်အဝန်း အလျား(၂၀ ပေ) အနံ (၆၀ ပေ)ရှိသည့် မြေကွက်အနက်မှ မြေအကျယ်အဝန်း အလျား (၁၀ပေ)အနံ (၆၀ပေ)ရှိသည့် မြေကွက်နှင့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အပြီးအပိုင်ဝယ်ယူရန် အမည်ပေါက်ပိုင်ရှင် ဒေါ်ညွန့်ရွှေ+ဦးမျိုးမြင့်ထံမှ စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်နှင်းအိဖြူ [၃/ဘအန(နိုင်)၂၄၆၉၆၄] ထံမှ ကျွန်ုပ်ဖြစ်သူ ဒေါ်ညိုညိုထွေး [၁၂/ဒပန(နိုင်)၀၄၅၉၀၆] က အထက်ပါအိမ်နှင့်မြေအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုထွေး**
**[ ၁၂/ဒပန(နိုင်)၀၄၅၉၀၆]**
**အမှတ်(၁၅)၊ မေတ္တာလမ်း ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉- ၄၅၀၀၅၉၂၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-C)၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ မြေကွက်အမှတ် (၂၂၀)၊ အိမ်အမှတ်(၄၅)ဟု ခေါ်တွင်ပြီး အကျယ်အဝန်း (အလျား ၂၅ပေx အနံ ၅၅ပေ) ရှိသည့် နှစ်(၆၀) မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၁)ခန်းတွဲ (၆)ထပ်တိုက်၏ (၃)လွှာ၊ ဒုတိယထပ်၊ အကျယ်အဝန်း (၂၃ပေ x ၅၃ပေ) ရှိ ရေမီးအစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုအပိုင်ရောင်းချသူများဖြစ်ကြသော ဦးဇော်မိုးထွန်း [၁၁/စတန(နိုင်)၁၅၂၄၇၂]နှင့် ဒေါ်မြအေးငြိမ်း [၁၁/စတန(နိုင်)၀၄၄၈၁၆]တို့မှ တရားဝင်အဆက်ဆက် ရောင်းဝယ်စာချုပ်များနှင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မို့မို့မြတ်အောင်** | **ဒေါ်မြတ်ဆုထွန်း** |
| **[၁၂/ဥကမ(နိုင်)၂၁၃၉၃၃]** | **အထက်တန်းရှေ့နေ (စဉ် – ၄၉၀၄၆)** |

**အမှတ်(၈၂)၊ သန္တာလမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၂၉၀၁၅၊ ၀၉-၂၅၃၅၇၅၀၇၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခွာညို(၁) လမ်း၊ အမှတ်- ၂၀၃ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၂၀၃၊ အကျယ်အဝန်း(၃၀ ပေx ၆၀ ပေ)ရှိ ဦးကျော်မြင့်(ဘ)ဦးစံပေါ်၊ (H/RGN-၀၃၄၃၁၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ နေအိမ် အဆောက်အဦ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးနေလင်းထွန်း (ဘ)ဦးကျော်ထွန်း [၉/မထလ(နိုင်)၀၂၃၀၀၁] ကိုင်ဆောင်သူက ၁၉၉၅ ခုနှစ်မှစတင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အထိ ပိုင်ဆိုင်ထားကြောင်း**နှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အပြင် အပိုင်ဝယ်ယူသူ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအားလုံးကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင်းယုဇနလှိုင်(LL.B)** | **ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၃၄၀)** | **(စဉ်-၉၆၉၈)** |

**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမရှိကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ၂၅လမ်းx၂၆လမ်းကြား (၉၁လမ်း)နေ ဦးကျော်သူရအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ မြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်-၇၉၊ မြေကွက်အမှတ်-၁၆ မြေကွက်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၂၃ ခုနှစ်၏ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဒေါ်ဇင်ဇင်အောင်မှ မြေကွက်အရောင်းမြေပုံကူးယူနေကြောင်း သိရှိရသဖြင့် ကျွန်ုပ်မိတ်ဆွေသည် ၎င်းအမည်ပေါက်မြေကွက်နှင့်ပတ်သက်ပြီး အရောင်းမြေပုံကူးယူရန် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခြင်းမရှိကြောင်း၊ ဒေါ်ဇင်ဇင်အောင်သည် အဆိုပါအထွေထွေကိုယ်စားလှယ်စာဖြင့် ဌာနဆိုင်ရာများတွင် အသုံးပြုနေခြင်းကို ကျွန်ုပ်မိတ်ဆွေမှ ကန့်ကွက်ပါကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတို့တွင်လည်း အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးခြင်းများ မပြုလုပ်နိုင်ရန် ကန့်ကွက်စာများပေးပို့ထားပြီးဖြစ်ပါသည်။ အဆိုပါ ၂၀၂၃ ခုနှစ်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြေညာပါသည့်ရက်မှစ၍ ဆက်လက်အသုံးမပြုရန်နှင့် ထိုသို့ဆောင်ရွက်ထားခြင်းများကို ပြန်လည်ရုပ်သိမ်းရန် သတိပေးတားမြစ်ကြောင်း၊ ထိုသို့သတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဓာခြည်ဝင်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၉၁)**
**တိုက်-(၇)၊ အခန်း-(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၃၀၉၇၃၊၀၉-၉၇၄၅၃၃၇၁၂**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်

## ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁၅ နှင့် ဆက်နွှယ်သည့်

## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

| | | |
|---|---|---|
| ဦးစိုးမြင့် | နှင့် | ၁။ ဦးတင်စိုး |
| | | ၂။ ဒေါ်စန်းစန်းဝေ |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ(၂) လမ်း၊ အမှတ်- ၆၈ နေ (၁)တရားရှုံး ဦးတင်စိုး ၊ (၂)တရားရှုံး ဒေါ်စန်းစန်းဝေ (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁၅ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## “သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ ဦးပညာဇောတလမ်း၊ (၇) ရပ်ကွက်နေ ဦးဝင်းရွှေ [၁၂/လကန(နိုင်) ၀၂၅၁၉၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ ဦးပညာဇောတလမ်း၊ (၇) ရပ်ကွက်နေ ဦးဝင်းရွှေ [၁၂/လကန(နိုင်) ၀၂၅၁၉၉]၊ ဒေါ်တင်ဝင်း [၇/ပမန (နိုင်)၀၁၃၄၉၁] တို့၏ သမီး မသဲမာအောင် [၁၂/လကန(နိုင်)၂၀၇၇၆၆]အား ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မသဲမာအောင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးပြဿနာများနှင့် အခြားသော မည်သည့်ကိစ္စရပ်များအားလုံးအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မသဲမာအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းရွှေ** | **ဒေါ်တင်ဇာဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၅၄၂၆)** |
| | **အမှတ်-၃/၁၄၅၊ ဇရပ်ကွင်းကျေးရွာ၊** |
| | **လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |

## သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၈)လမ်း၊ အမှတ်(၃၀)၊ ၄-လွှာနေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းဝင်း [၁၂/မဂတ(နိုင်)၀၆၆၄၇၅] ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်-

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းဝင်းသည် တရားလိုပြုလုပ်၍ ဒေါ်မာမာလွင်ပါ(၈)ဦးအပေါ် လှည်းကူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၁/၂၀၂၂ ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုထားရာ တရားရုံးတော်မှ (၁၉-၁၁-၂၀၂၄)ရက်နေ့တွင် အောက်ဖော်ပြပါပစ္စည်း(၄)မျိုးကို အမွေပုံပစ္စည်းအဖြစ် စီရင်ချက်တွင်ဖော်ပြပြီး တရားလို ဦးသိန်းဝင်းသည် အမွေဝေစု၏ ၁၀၈ ပုံ ၂၅ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ထားပြီး ဖြစ်ပါသည် -

(၁) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာကျေးရွာ၊ ကွင်းအမည် (သာယာကုန်း)၊ ဦးပိုင်အမှတ် (၈၉/၅၇)၊ ဦးတင်မောင် အမည်ပေါက်မြေနှင့် ရန်ကင်း(၄)လမ်း၊ အမှတ် (၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၅၀ ပေx ၆၀ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင် အိမ်တစ်လုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာကျေးရွာရှိ ဆပ်သွားကျွန်းကွင်း၊ ကွင်းအမှတ်(၁၀၄၀)၊ ဦးပိုင်အမှတ် (၁၂/ )၊ ဧရိယာ(၁.၁၆)ဧကရှိ ဥယျာဉ်ခြံမြေတစ်ကွက်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာကျေးရွာရှိ ဆပ်သွားကျွန်းကွင်း၊ ကွင်းအမှတ်(၁၀၄၀)၊ ဦးပိုင်အမှတ် (၁၂/၃)၊ (အလျား ၇၅ ပေx အနံ ၇၅ ပေ)ရှိ ဦးကျော်မြင့်စိုး အမည်ပေါက် ဥယျာဉ်ခြံမြေတစ်ကွက်။

(၄) မိခင်ကြီးပိုင် ရွှေထည်(၁၅)မျိုး။

သို့ဖြစ်ပါ၍ တရားရုံးမှ အပြီးသတ်ဒီကရီချမှတ်ကာ ပစ္စည်းခွဲဝေပေးခြင်းမပြုရသေးမီ အချိန်အတွင်း အထက်ပါပစ္စည်း(၄)မျိုးအား တရားရုံး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း စသည်တို့ကို လုံးဝ(လုံးဝ) မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၉၈)**
**အမှတ်(၁၈)၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## MAJA

## မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း

## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

(သာမန်အသင်းသားများသာ)

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | |
|---|---|
| ကျင်းပမည့်နေ့ရက်။ | ။ ၈.၂.၂၀၂၅ (စနေနေ့) |
| ကျင်းပမည့်အချိန်။ | ။ ၉း၀၀ နာရီ မှ ၁၂း၀၀ နာရီ ထိ |
| ကျင်းပမည့်နေရာ။ | ။ Melia Yangon Hotel |

(၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့)

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဘ) ဦးမောင်မောင်ဝင်း [၁၂/ဗတထ(နိုင်)၀၄၇၆၆၇]၏ သမီး မရှင်းသန့်ဖြူအား မနွေပန်းချီဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်အမှတ်(C-2)၊ အခန်းအမှတ် (B-009)အား ဦးထိန်လင်း [၁၂/တမန(နိုင်)၁၁၉၅၂၂]ထံမှ ဒေါ်ကျင်ထွေး [၁၂/မဂတ(နိုင်)၀၇၃၂၈၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁) ရပ်ကွက်၊ ရောချမ်းသာ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(9B)၊ အခန်းအမှတ်(၂၀၈)အား ဒေါ်လဲ့လဲ့ထွန်း [၁၂/လမန(ပြု)၀၀၀၅၀၁] ထံမှ ဒေါ်ငြိမ်းငြိမ်းစိုး [၁၂/ဗဟန(နိုင်) ၀၉၂၉၄၅] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(5B)၊ အခန်းအမှတ်(0402)အား ဦးကျော်ကျော် [၅/မမတ(နိုင်)၀၀၅၁၄၀] ထံမှ ဦးအဆာဖ [၉/မကန(နိုင်)၀၉၂၉၅၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ တိုက်အမှတ် (၂၇)၊ ၄-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (အနံ ၁၂ ပေခွဲ x အလျား ၅၀ ပေ x အမြင့် ၉ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်လီလီပန်းစံ [၁/ဝမန(နိုင်)၀၇၃၇၄၂]နှင့် ဒေါ်ချိုချိုသဲ [၁/မကန(နိုင်)၁၈၅၃၈၄] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)** |

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ ဒုဋ္ဌဝတီ-၂ လမ်း၊ မြေကွက်အမှတ် (၈၄၄)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနခွဲ ဦးဉာဏ်ဌေး [၈/ပခက(နိုင်) ၀၅၇၂၇၄] အမည်ပေါက်သည့် အကျယ်အဝန်း ပေ (၄၀x၆၀)ရှိ ဂရန်မြေအား အရောင်းအဝယ်စပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက် အထား ခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဥက္ကာအေး (LL.B, D.B.L, D.I.L)** | **ဦးမြတ်ဖုန်းလှိုင်(LL.B, C.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၆၄၁/၁၈)** | **(စဉ်-၁၇၈၂/၂၂)** |

**အမှတ်(၁၇၈၊ ပ-ထပ်)၊ အနော်ရထာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၀၄၂၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ သုဓမ္မဝါဒီကျောင်းလမ်း၊ တိုက်(၁၄)၊ အခန်း (၂၀၁)တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သင်းသင်းမြတ် [၁၄/ဘကလ(နိုင်)၁၄၆၉၅၇]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ် (၂၅၉)၊ ဧရိယာ (အလျား ၅၀ပေ x အနံ ၆၀ပေ)၊ (၃၀၀၀ စတုရန်းပေ)ရှိ **ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကမ(နိုင်)၀၀၅၉၇၆]**အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်ပေါ်တွင် မြေရှင် **ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကမ(နိုင်)၀၀၅၉၇၆]**နှင့် ကန်ထရိုက်တာ **Arr Man Thit Construction Co.,Ltd.** ၏ကိုယ်စား **ဦးကျော်ကျော် [၁၂/သကတ(နိုင်)၁၉၀၅၂၀]**တို့က အကျိုးတူဆောက်လုပ်လျက်ရှိသော (၈)ထပ်တိုက်အဆောက်အဦ၏ **(၄) လွှာ၊ အခန်းအမှတ်(A)အခန်းနှင့် ၎င်းအခန်းပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အားလုံး**တို့အား ခွဲဝေရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ မြေရှင် **ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကမ(နိုင်)၀၀၅၉၇၆]** ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ပထမအကြိမ် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၈၀)**
**No.(12N)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**Ph-09-254442289**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်းသဝဏ်လွှာ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချီးမြှင့်အပ်နှင်းသော **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ကျိုက်ထီးရိုးတောင်တန်းသာသနာပြု–ဝါခေါင်မိသားစု၊ ဆွမ်းဆန်စိမ်းအလှူတော်အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် **ဘဒ္ဒန္တနန္ဒမာလာ** (ဆံတော်ရှင် ကျိုက်ထီးရိုး ရင်ပြင်တော် ကျောင်းတိုက်)အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဝါခေါင်မိသားစု**
**ဆွမ်းဆန်စိမ်းအလှူတော်အဖွဲ့**
**ကျိုက်ထီးရိုးတောင်တန်းသာသနာပြု**




## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ မြေကွက်အမှတ်(၄)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် အောင်မြန်မာဆောက်လုပ်ရေးနှင့် အကျိုးတူဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ (လမ်းမှမျက်နှာမူလျှင် ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့် ညာဘက်) မြေညီထပ်(B)ဟုခေါ်တွင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ၎င်းမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအောင်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့သော် (စဉ်–၉၉၂၅/၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉–၄၃၀၇၃၈၁၅၊ ၀၉–၇၈၀၀၇၃၉၆၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၊ မြေကွက်အမှတ်– ၇၅၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်– ၇၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကျော်မြင့်(BSN/W– ၁၈၅၀၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်– ဦးကျော်မြင့်(BSN/W – ၁၈၅၀၄၃) (ခင်ပွန်း) (ဖခင်) သည် (၂၇–၁၁–၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ ပထမဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးသည် (၉–၉–၂၀၀၆)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဒုတိယဇနီးဖြစ်သူ ဒေါ်နီလာဝင်း [၁၂/ဗဟန(နိုင်)၀၇၅၈၉၄]နှင့် ဦးကျော်မြင့်နှင့် ပထမဇနီး ဒေါ်စန်းစန်းအေးတို့၏ သားသမီးများဖြစ်ကြသော ဦးကောင်းကျော် [၁၂/လသယ(နိုင်)၀၄၁၈၀၃]၊ ဦးလွင်ကိုလတ်[၁၂/လသယ(နိုင်)၀၃၇၂၉၄]တို့မှ ဖခင် ဦးကျော်မြင့်နှင့် မိခင် ဒေါ်စန်းစန်းအေးတို့တွင် ၎င်းတို့(၂)ဦးသာ ထွန်းကားကြောင်း အခြား သား၊သမီး ကိတ္တိမမွေးစားထားခြင်းမရှိကြောင်း၊ မိခင် ကွယ်လွန်ပြီးနောက် ဖခင်ဖြစ်သူသည် ဒေါ်နီလာဝင်းနှင့် (၂၇–၉–၂၀၁၃)ရက်နေ့တွင် နောက်အိမ်ထောင်ပြုခဲ့ကြောင်း၊ အခြားဇနီးမယားမရှိကြောင်း ဖခင်ဖြစ်သူနှင့် ဒေါ်နီလာဝင်းတို့တွင် သားသမီးများ မွေးဖွားခဲ့ခြင်းမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်းမရှိကြောင်း၊ ဦးကျော်မြင့် ကျန်ရှိခဲ့သော အမွေကျန် ပစ္စည်းတွင် သား(၂)ဦးမှ (၄)ပုံ (၃)ပုံနှင့် ဒုတိယဇနီးမှ (၄)ပုံ (၁)ပုံကို အသီးသီးပိုင်ဆိုင်ခွင့်ရှိကြောင်း ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်း၊ ၂၀၁၉ ခုနှစ် အပိုင်ပေး မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အပိုင်ပေးမြေပုံမှာ ဦးကျော်မြင့် အသက်ရှင်စဉ်က ၎င်း၏ အမွေခံများအား လိုအပ်သလို စီမံခွင့်ပြုရန် စီစဉ်ခဲ့သော်လည်း အကြောင်းညီညွတ်မှုမရှိသဖြင့် အမွေများအား ပေးကမ်းခြင်းမပြုခဲ့ကြောင်း၊ ၎င်းကွယ်လွန်ပြီးဖြစ်သဖြင့် အဆိုပါအပိုင်ပေးမြေပုံနှင့် မြေရာဇဝင်စာရွက်စာတမ်းများမှာ ဦးကျော်မြင့်လက်ဝယ်တွင်ထားရှိစဉ် ပျောက်ဆုံးသွားကြောင်း အဆိုပါမြေကွက်အား တစ်စုံတစ်ဦးအား ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများပြုလုပ်သည်ကို မတွေ့ရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြုလိုင်စင်ရ ကန်ထရိုက်တာ ဦးသန့်ဇင်ဦး(LC–၆၀၁) မှတ်ပုံတင်အမှတ် [၉/မမန(နိုင်) ၀၁၂၉၂၁]သည် ဦးသန့်ဇင်ဟိန်း အမည်သို့ ပြောင်းလဲရန် လျှောက်ထားလာခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးသန့်ဇင်ဦးနှင့် ဦးသန့်ဇင်ဟိန်းသည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်းနှင့် အဆောက်အဦဆောက်လုပ်နေသည့် မြေရှင်များမှလည်း အမည်ပြောင်းလဲခြင်းကိုသိရှိကြောင်း ပြန်လည်တင်ပြလာသဖြင့် ဦးသန့်ဇင်ဦး (LC–၆၀၁) မှတ်ပုံတင်အမှတ် [၉/မမန(နိုင်)၀၁၂၉၂၁]မှ ဦးသန့်ဇင်ဟိန်းသို့ အမည်ပြောင်းလဲခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၂၅ )၊ ဒုတိယထပ်နေ ဦးသက်ညို (ဘ) ဦးဘတင်အောင်[၁၂/လမတ(နိုင်)၀၁၉၈၃၉] ကိုင်ဆောင်သူ၏သမီးဖြစ်သူ မတင္ဇာသက်ညို [၁၂/လမတ(နိုင်)၀၀၁၃၅၄]သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာခံမှုမရှိပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်ဖြစ်သူ ဦးသက်ညို၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နုနုလွင်( LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၂၃၅၇၄)**
**အမှတ်– ၁၄၊ မြေညီ၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၈၄၉၁၂၆၃၆၊ ၀၉–၇၄၀၈၇၀၇၀၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE–1၊ တိုးချဲ့(၁)ရပ်ကွက်၊ သခင်ခင်ဇော်(၁)လမ်း၊ မြေကွက်အမှတ်(၄၃၄)၊ မြေ အကျယ်အဝန်း (၄၀x၆၀)ပေအား ဦးကြည်အောင် (ဘ) ဦးထွန်းအောင် [၁၂/တမန(နိုင်)၀၀၆၈၁၈] ကိုင်ဆောင်သူမှ (၂၀၁၀) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်လာပြီး ယနေ့အချိန်အထိ အဆိုပါ မြေပေါ်တွင် အဆောက်အဦဆောက်လုပ်ကာ နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်အောင်မှ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်တင်အေး(ခ)ဒေါ်ထားနွယ်[၁၂/ဥကမ(နိုင်)၁၁၂၀၂၅] ကိုင်ဆောင်သူနှင့် သမီးဖြစ်သူ မရွှေယမင်းအိမ်(ခ)ယမင်း [၁၂/ဥကမ(နိုင်)၂၆၃၂၁၅] ကိုင်ဆောင်သူတို့ထံ အထက်ပါလိပ်စာရှိ မြေကွက်အား “အပြီးအပိုင် စွန့်လွှတ်ပေးကမ်းခြင်းသဘောတူကတိစာချုပ်”ဖြင့် ၁၅–၁–၂၀၂၅ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ ချုပ်ဆို၍ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းဝင်း (LL.B, PGDCA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၂၀)**
**အမှတ်(၄၂၂)၊ ယာဉ်ငယ်(၂)လမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၈၈၆၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ (ခ/၇)လမ်း၊ မြေတိုင်းရပ်ကွက်မြို့သစ်(ခ)၊ မြေကွက်အမှတ်(၂၂၆)၊ (၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ နှစ်(၆၀) ဂရန်မြေကွက် ဟုခေါ်တွင်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်နှင့် ယင်းမြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲမင်းဖြိုးသည် ၎င်းအမည်ပေါက်တည်ရှိကြောင်း၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အဆိုပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေအားရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၉၇၀/၂၀၁၁)**
**အမှတ် (၄၆၄)၊ အခန်း (၂/၄)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း– ၀၉–၂၅၂၉၉၄၉၈၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ ဇာနည် (၁၃)လမ်း၊ မြေကွက်အမှတ် (၆၂၁) ဟုခေါ်တွင်သည့် မြေအကျယ် အလျား (၄၂)ပေx အနံ (၆၀ )ပေ၊ (၀.၀၅၈) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သန်းသန်းချို [၁၄/ဟသတ(နိုင်) ၁၃၈၂၂၇] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန်းညွန့်အောင် (LL.B, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၉၂၆)**
**အမှတ် (၃၃/၄၉)၊ ပထမထပ်၊ အခန်း (၃၃)၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၀၀၂၅၇၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ်(၆၃) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (တတိယထပ်၊ ၄–လွှာ) (ခြေရင်းခန်း) (အလျား x အနံ) (၁၇ ပေx ၅၃ ပေ)အား **ဦးသီဟဇင် [၁၂/သဃက(နိုင်)၁၀၆၀၃၉]**တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာလျက် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ **နော်ဖောဝါး [၇/တငန(နိုင်)၂၀၅၉၉၈]**မှ တိုက်ခန်းရောင်းဖိုး စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်ထွဋ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၄၄၀)**
**အမှတ်(၁၉/B4)၊ အောင်မေတ္တာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၈၇၃၆၃၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၃၀၃)၊ အကျယ်အဝန်း အလျား(၅၉ ½)ပေx အနံ(၈၀)ပေရှိ ဦးထိန်လင်းအောင်[၁၀/မဒန(နိုင်)၁၀၆၁၇၇]အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်) ၁၅၄၆၀၄]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၄၈၉၂၂)**
**အမှတ်(၁၂၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Ph: 09–263630989, 09–785474591**

## အိမ်၊ ခြံမြေနှင့်မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

၁။ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Jasmine Place မြေနှင့် နှစ်ထပ်တိုက်၊ (ပေ ၉၀ x ပေ ၁၁၀) ချိုသာသောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

၂။ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းမကြီး၊ မြေညီထပ်၊ ထပ်ခိုးပြည့်၊ အဆင့်မြင့်ပြင်ဆင်ပြီး (ပေ၂၀x ပေ ၆၀) အိမ်ပိုင်ရှင် မြေဂရန်အမည်ပေါက်ရမည်။

**စုံစမ်းရန် – ၀၉–၅၀၀၀၆၇၃၊ ၀၉–၅၁၅၉၁၃၄၊ ၀၉–၄၂၈၆၂၄၃၆၃**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းနှင့် ပေါ်တော်မူဘုရားလမ်းထောင့်ရှိ အမှတ်(၅၃/၅၄–ဘီ)၊ (၂)ခန်းတွဲ(၄)ထပ်အဆောက်အဦမှ (၁၈ပေx၄၂ပေ)အကျယ်အဝန်းရှိ ပထမထပ်(၂)လွှာ(ဘီ) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ်(၄၃၉)တွင်နေထိုင်သူ ဒေါ်စန်းစန်းမြင့် (ဘ) ဦးစစ်ဟန် [၁၂/အစန(နိုင်) ၁၃၉၃၉၉]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

၂။ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းမြင့်[၁၂/အစန(နိုင်)၁၃၉၃၉၉]သည် အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းအား (၂၀–၁၁–၂၀၂၄)ရက်စွဲပါ အမွေဝေစုအပြီးအပြတ်ခွဲဝေခြင်း သဘောတူကတိစာချုပ်အရ ယနေ့တိုင် (၁)ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ယနေ့အချိန်တွင် ကိုယ်တိုင်စီမံခန့်ခွဲလျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်သန္တာဝင်း (LLB, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၅၈)**
**အခန်းအမှတ်(၉၀၄/စီ)၊ MAC TOWER ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၀၂၃၁၆၂**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်(၂၈၈)နေ ဦးသိန်းလှိုင်[၁၂/ဒပန(နိုင်) ၀၂၄၈၈၂] (ဘ) ဦးထွန်းရွှေမှ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉) ရပ်ကွက်၊ ၄၅–လမ်း၊ အမှတ်(၆)နေ ဦးနေမျိုး[၉/မနမ (နိုင်)၀၉၁၁၄၇] (ဘ) ဦးစိုးတင့်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၉–၉–၂၀၁၃)နေ့၌ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် (၁၈၁၄၁/၂၀၁၃)ဖြင့် ကိုယ်စားလှယ်လွှဲစာအား ပေးအပ်ထားခဲ့ပြီး အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၁၄၁/၂၀၁၃) အား ဦးသိန်းလှိုင်မှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလှိုင်[၁၂/ဒပန(နိုင်)၀၂၄၈၈၂]**
**အမှတ်(၂၈၈)၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ အလယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်–N–ရေလဲရပ်၊ ဦးပိုင်အမှတ်–၂၉၂၄၊ ဧရိယာ (၀.၂၁၁)ဧက၊ ဆရာစံလမ်းရှိမြေနှင့်အိမ်၊ နှစ်(၃၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်ရွှေ[၇/သဝတ(နိုင်)၀၀၉၂၃၇]၊ (ဖခင်)သည် (၂၂–၁၁–၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်ဝင်းဦး [၇/သဝတ(နိုင်)၀၀၆၁၉၇] (မိခင်)သည် (၃–၆–၂၀၂၁)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် သမီးကြီးဖြစ်သူ ဒေါ်သော်ဇင်လှိုင်ဝင်း [၇/သဝတ(နိုင်)၀၇၇၂၀၂]က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာအရ ကျန်ရစ်သူမိသားစုကိုယ်စား ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ဖြင့်တင်ပြ၍ အမွေဆက်ခံခွင့်မြွက်ဟကြေညာခြင်း စာချုပ် ချုပ်ဆို၍၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် သာယာဝတီမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပြုလုပ်မည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဒေါ်သော်ဇင်လှိုင်ဝင်း** | **ဦးဇော်ညီညီစိန် (LL.B)** |
| **[၇/သဝတ(နိုင်)၀၇၇၂၀၂]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၉၂)** |
| | **အမှတ်(၉)၊ ရေဝေရပ်ကွက်၊** |
| | **သာယာဝတီမြို့။ ဖုန်း– ၀၉–၅၃၆၀၄၆၆** |

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၊ မြေကွက်အမှတ် – (၁၀၅၈)၊ အောင်မင်္ဂလာလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်ပြုံးပြုံးဝင်းအမည်ပေါက် ပါမစ်မြေအနက်မှ ခြေရင်းဘက်အခြမ်း အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားဝယ်ယူပိုင်ဆိုင်သူ ဦးဇော်ဇော်ဦး [၁၂/ဥကမ(နိုင်)၁၅၇၃၄၉]ထံမှ ဦးတင်ထွန်းထက် [၁၄/ငသခ (နိုင်)၀၀၉၂၀၈]က အဆိုပါအိမ်မြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ် အတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်စာချုပ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ရုံး – အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း၊** | **ဦးလှမင်း (ပေါင်းတည်)** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **LL.B (ADVOCATE)** |
| **ဖုန်း – ၀၉–၅၀၃၃၁၇၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၅၅၅၅/၉၁)** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်လမ်းသွယ်(၂)၊ အမှတ်(၂၂)ဟုခေါ်တွင်သော အကွက်အမှတ်(၂၇)၊ ကျိုက်ဗောဓိတောင်ကွက်၊ ဦးပိုင်အမှတ်–(၁၅/က)၊ ဧရိယာ(၃.၁၆၆)ဧကအကျယ်ရှိ ဦးစံလင်း၊ မလှကြည်၊ မသင်းထုံ အမည်ပေါက် မြို့မြေအတွင်းမှ ဧရိယာ(၀.၀၀၅)ဧကနှင့် ဦးပိုင်အမှတ်–(၃၂)၊ ဧရိယာ(၀.၀၈၀)ဧက ဦးစံလင်းအမည်ပေါက် မြို့မြေအတွင်းမှ ဧရိယာ(၀.၀၂၁)ဧကစုစုပေါင်း ဧရိယာ(၀.၀၂၆) ဧကရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းကတိပြုသူ ဦးအောင်ကိုဆွေ [၉/မခန(နိုင်)၀၀၁၃၁၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အမာဆွေ [၅/ကလထ(နိုင်)၁၄၁၉၃၃]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမင်းသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊**
**မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈/ဝါးဆို၊ မြေကွက်အမှတ်–၄၈၈၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၀)၊ ရွှေစေတီလမ်း၊ ဝါးဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမြင့်ဆွေ(၁၂/ဒပန(နိုင်)၀၀၁၅၃၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမြင့်ဆွေ အပေါ် တရားစွဲပြိုင်ထားကာ ဦးအောင်ပြည့်ဖြိုးကျော်မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၂–၇–၂၀၂၄)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၅/၂၀၂၄ ၏ (၉–၈–၂၀၂၄) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၇–၁၁–၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂၉၂(က)/၁၃–၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁)မှ နှစ် (၆၀)ဂရန်မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်း ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/ဘုရင့်နောင်၊ မြေကွက်အမှတ်(၇၅၃/က)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၇၅၃/က)၊ မဟာဗန္ဓုလလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးစိုးမြင့် [၁၂/ကတတ(ဧည့်)၀၀၀၁၅၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား၊ ဒေါ်တင်မာချိုမှ (တရားလို) ပြုလုပ်၍ ဦးစိုးမြင့်ကို (တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု" စွဲဆိုရရှိသော တွံတေးခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၅၃/၂၀၂၂)၏ ၂၆–၉–၂၀၂၂ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၄၅/၂၀၂၂)၏ ၁၇–၃–၂၀၂၃ ရက်စွဲပါအမိန့်၊ ဂရန်မူရင်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာတို့တင်ပြ၍ တွံတေးခရိုင်တရားရုံး၏ ဘီလစ်ဒေါ်မဦးခင် [၁၁/မပန(နိုင်) ၀၅၄၄၆၉]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆/ဆေးစက်၊ မြေကွက်အမှတ်–၁၁၄၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၁၄၊ သခင်မြ–၂ လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ ဒေါ်ငြိမ်းတင် (၁၂/ဒပန(နိုင်)၀၁၂၀၉၈)၊ ၂။ ဦးအုန်း(၁၂/ဒပန(နိုင်)၀၁၁၈၃၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်ငြိမ်းတင်၊ ဦးအုန်းတို့အပေါ် တရားပြိုင်ထားကာ ဒေါ်လွင်လွင်မော် မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၉–၈–၂၀၂၄)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၆/၂၀၂၄ ၏ (၃၀–၈–၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ ၇–၁၁–၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂၉၁(က)/၁၃–၁/၂၀၂၃ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁)မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ထူးအောင်၏သား ဦးဇေယျာဖြိုးအောင် [၁၂/မဂတ(နိုင်)၀၈၆၇၀၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၀၀၆၂၅၀၀**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

အ.ထ.က(ခွဲ) လ(၄)၊ ဒဂုံအရှေ့မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဦးမောင်မောင်စိန်၊ အလယ်တန်းကျောင်းအုပ်၏ ဖခင်အမည်မှာ ဦးအက္ကဘာလ်ဟူဆိန်း(ခ) ဦးအာကဘာလ်ဟူဆိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဖြိုးမင်း (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မမန (နိုင်)၀၈၃၅၃၄] နှင့် ဒေါ်ဥမ္မာသိန်း (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/မလမ(နိုင်)၀၂၈၄၆၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၃) လမ်း၊ အမှတ် (၉၇) မြေကွက်ပေါ်တွင် တည်ရှိသော (၂) ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (ခေါင်းရင်းခန်း)၊ အလျား (၁၂.၅)ပေနှင့် အနံ (၅၀) ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် လူနေထိုင်ရန် လိုအပ်သော ရေ၊ မီး အပါအဝင် ပစ္စည်းအရပ်ရပ်တို့အား အလုံးစုံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သီရိမြိုင် (၁၀) လမ်း၊ အိမ်အမှတ် (၆၅၄)တွင် နေထိုင်သူ ဒေါ်ကေသွယ်ဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/လမန(နိုင်)၁၁၉၄၀၀]မှ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ (၂၀–၁–၂၀၂၅) ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာထည့်သွင်းဖော်ပြသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ထက်လင်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၄၃၄)**
**အမှတ် (၆/A)၊ ပထမထပ်၊ ဆရာထွန်းလမ်း၊**
**စမ်းချောင်း(မြောက်)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၅၁၄၁၆၃၊ ၀၉–၆၈၅၁၀၇၃၂၉၊ ၀၁–၇၅၀၄၃၇၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၄၊ မြေကွက်အမှတ်(၁၁၁၇)၊ အကျယ်အဝန်းဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၁၁၁၇) ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ ဒေါ်ဝင်းသီဂီစိုး၊ ၂။ ဦးအောင်မင်းမင်းတို့အမည်ဖြင့် တရားဝင်ပူးတွဲအမည်ပေါက်ထားပြီး အမည်ပေါက်ထားသူများထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေသွယ်ဟန် [၁၂/သဃက(နိုင်)၀၅၆၃၂၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ရောင်းဖိုးငွေများအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(LL.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၉၂၁၂)** | **(စဉ်–၅၆၅၆၆)** | **(စဉ်–၅၆၅၆၅)** |

**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ မြေကွက်အမှတ်(၂၉၃)၊ အကျယ်အဝန်းဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၉၃)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရာဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးယန်ကျွေစန်း(ခ) ဦးစံ[၁၃/လလန(ဧည့်)၀၀၀၀၇၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ၎င်းထံမှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၂/ ၂၀၂၁)ဖြင့် လွှဲပြောင်းခြင်းခံရသူ ဒေါ်ရောက်အယ်(ခ)မြင့်မြင့်ဝင်း[၁၃/လရန(နိုင်)၀၆၃၅၅၈]ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၉၂၁၂)** | **(စဉ်–၅၆၅၆၆)** | **(စဉ်–၅၆၅၆၅)** |

**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ရင်းနှီးမြှုပ်နှံမည့် ဉာဏ်ရည်တု နည်းပညာ အခြေခံအဆောက်အအုံတစ်ခု တည်ဆောက်မည်**

စာမျက်နှာ » ၁၃

**ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဆီစက်ဂိုဒေါင် မီးလောင်ပျက်စီးဟု မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

## လိုင်လီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး လီဗာပူးအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်လှမ်း



လီဗာပူးအသင်းနှင့် လိုင်လီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

လီဗာပူးအသင်းဟာ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ လိုင်လီအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**အနိုင်ရရှိခဲ့**

လီဗာပူးအသင်းဟာ မိုဟာမက်ဆာလာရဲ့ သွင်းဂိုးတစ်ဂိုး၊ အီလီယော့ရဲ့သွင်းဂိုးတို့နဲ့ လိုင်လီအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး လိုင်လီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဂျိုနက်သန်ဒေးဗစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လိုင်လီအသင်းကတော့ ပွဲကစားချိန် ၅၆ မိနစ်ကတည်းက အစ်ဆာမန်ဒီ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရပြီးနောက် တစ်ယောက်လျော့နဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ လိုင်လီအသင်းဟာ ပြိုင်ပွဲစုံ ၂၁ ပွဲအထိ ရှုံးပွဲမရှိ စံချိန်တင်ထားပေမယ့် အခုလီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အဲဒီစံချိန်လည်း ရပ်တန့်ခဲ့ရပြီ ဖြစ်ပါတယ်။ စာမျက်နှာ ၉ ကော်လံ ၅ သို့ ☆




## မြန်မာဖိုက်တာ စိုးလင်းဦး၊ သန့်ဇင်တို့ တွဲဆိုင်းပါဝင်သော ONE-170 ပြိုင်ပွဲ ဇန်နဝါရီ ၂၄ ရက် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် စိုးလင်းဦး၊ သန့်ဇင်တို့ တွဲဆိုင်းပါဝင်သော ONE–170 ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆) ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆) ကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ပွဲစဉ် (၆) တွင် 7 Dragon အသင်းက 7 Brother အသင်းကို လေးဂိုး-သုံးဂိုး၊ KKY အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-သုံးဂိုး၊ Black Cross အသင်းက Maryar အသင်းကို ငါးဂိုး-တစ်ဂိုး၊ YCDC Marga Youth အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ JZ Yangon အသင်းက Pacific Sun Far အသင်းကို လေးဂိုး-သုံးဂိုး၊ TG United အသင်းက Gold Dream အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ် (၆)အပြီးတွင် TG United အသင်းက ၁၅ မှတ်ဖြင့် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❃



TG United အသင်းနှင့် Gold Dream အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။